မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၅)

ယနေ့ထုတ်
စောင်ရေ
၂၀၀၂၆၂

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ဟင်္သာတမြို့၌ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ဧရာဝတီတိုင်း ဟင်္သာတမြို့ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲအခမ်းအနားသို့တက်ရောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟင်္သာတခရိုင်သာသနာ့ဗိမာန်တော်ကြီးမော်ကွန်းကမ္ပည်းကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁

ဧရာဝတီတိုင်း ဟင်္သာတမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သာသနာ့ဗိမာန်တော်ကြီး မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်ကြည်ညို

ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲအခမ်းအနားသို့ မဟာဒွါရ နိကာယ တေရသမ သာသနာပိုင် ဟင်္သာတမြို့ မဟိတာရုံကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍိယာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ အတွင်းပတ္တမြားကျောင်းတိုက် ဆရာတော်အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသတို့ အမှူးပြုတော်မူသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂ ရက်)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက် စက်မှုဇုန်များ၏ အောင်မြင်မှုပိုမိုအရှိန်ကောင်းလာရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ အများအပြားကို နိုင်ငံတော်တစ်ဝန်း၌ တည်ဆောက်ပေးခဲ့သည်။

ထို့အတူ နိုင်ငံတော်၏ အခြေခံစီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အတိုင်းအတာတစ်ရပ်အထိ ထိရောက်အောင်မြင်စွာ မြှင့်တင်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

တစ်ဖက်မှလည်း စက်မှုဇုန်များ ထူထောင်ပေးပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံ့အကြီးအကဲပုဂ္ဂိုလ်များသည် မန္တလေးစက်မှုဇုန်သို့ ရောက်ရှိစဉ် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှုများ ပေးခဲ့ကြသည်။ ယင်းလမ်းညွှန်မှုနှင့်အညီ မန္တလေးစက်မှုဇုန်၌ Automationနှင့် Computerized Machineစတင်သုံးစွဲပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားလာစေရန် ကြိုးပမ်းလျက်ရှိသည်။ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ တိုးချဲ့ဖြစ်ပေါ်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မတ်လ ၂၀ရက်နေ့ နံနက်ပိုင်းက မန္တလေးစက်မှုဇုန်(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန်တာဝန်ခံများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကဆွေးနွေးမှာကြားရာတွင်– **“စက်မှုလုပ်ငန်းရှင်များအပိုင်းကလည်း ဈေးကွက်စီးပွားရေးစနစ်၏ စီးပွားရေးလွတ်လပ်မှုကို မှန်မှန်ကန်ကန် အသုံးချ၍ တစ်ဦးချင်း အရည်အသွေး၊ တစ်ဦးချင်း အားထုတ်ကြိုးပမ်းတီထွင်မှု၊ ရိုးသားမှု၊ သမာဓိရှိမှု၊ လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းကို တိုးတက်မြင့်မားအောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း”**မှာကြားသည်။

ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအနေဖြင့် လတ်တလောအမြတ်ရရှိရေးအတွက် ကိုယ်ကျိုးစီးပွားရှေ့တန်းတင်လွန်းမှုများ ရှိနေမည်ဆိုလျှင် ရေရှည်တိုးတက် အောင်မြင်မှုရရှိနိုင်မည် မဟုတ်ပေ။ စိတ်ဓာတ်အခြေခံကောင်း၊ အရည်အချင်းကောင်းများဖြင့် စက်မှုဇုန်၏ တိုးတက်အောင်မြင်မှုများကို ပို၍ပို၍ အရှိန်အဟုန်ကောင်းလာစေရန် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

နိုင်ငံတော်၏ လက်ရှိအမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည် နှစ်စဉ်စီမံကိန်းလျာထားချက်များအတိုင်း ဖွံ့ဖြိုးတိုးတက်လာနေသော်လည်း အနှစ် ၃၀ နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များနှင့်အညီ ကာလတို ၅နှစ် စီမံကိန်းအတွက် အမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ စက်မှုကဏ္ဍပါဝင်မှု အချိုးအစားမြင့်မားလာရန် အားထည့်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

၂၀၀၄–၂၀၀၅ခုနှစ်မှစ၍ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် စတင်မြင့်မားလာစေရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တွန်းအားပေးဆောင်ရွက်ရာ၌ စက်မှုဇုန်များကို အဆင့်မြှင့်တင်နိုင်ရန်၊ ပန်းပဲဖိုသာသာ အဆင့်မျိုးမဟုတ်ဘဲ ခေတ်မီစက်ကိရိယာများ အသုံးပြုလာနိုင်စေရန် နိုင်ငံတော်နှင့် စက်မှုလုပ်ငန်းရှင်များ လက်တွေ့ကျကျ ညှိနှိုင်းဆွေးနွေးအဖြေရှာခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အပိုင်းက ပုဂ္ဂလိကစက်မှုဇုန်များ၏ အရည်အသွေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရန် အကူအညီပေးနေသည့်အပြင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေး၊ ကုန်ကြမ်းပစ္စည်းများ ရရှိရေးတို့ကိုလည်း အစွမ်းကုန် ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် စက်မှုလုပ်ငန်းများအတွက်ရော တိုးတက်မြင့်မားလာနေသည့် လူနေမှုစနစ်အတွက်ပါ မရှိမဖြစ် လိုအပ်သည့် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအတွက်လည်း လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများကို ဦးစားပေးတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် စက်မှုဇုန်များ၏ တိုးတက်အောင်မြင်မှုများကို ပိုမိုအရှိန်အဟုန်ကောင်းလာရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆုချီးမြှင့်

အင်းစိန်မြို့နယ် စတုတ္ထအကြိမ် မြို့နယ်အဆင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၇ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးရန်နောင်က ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ အမက(၄၀)မှ မောင်ထက်နိုင်ဝင်းအား ဆုချီးမြှင့်စဉ်။ (ဝ၃၆)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရာမ ကျောင်းတိုက် ခုနှစ်ရက် တရားစခန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁)ရပ်ကွက်(ရန်ကုန်သန်လျင်တံတားထိပ်)ပညာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် တောင်ကုတ်မြို့နယ် ဓာတ်တော်တောင် သာသနာပြုပဋ္ဌာန်းဆရာတော်ဦးဓမ္မိက(ဓမ္မာစရိယ) အရှင်သူမြတ်နှင့်အဖွဲ့ချုပ်ဓမ္မကထိကဆရာဦးအောင်မွန် (သုဝဏ္ဏ) တို့က သစ္စာလေးပါး တရားတော်များကို ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(က–ပ)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂၈ရက်က မြို့နယ်သံဃနာယကအဖွဲ့ရုံး နေနတ်သားစာသင်တိုက်တွင် ပြုလုပ်ရာ ပထမပြန်အကြီးတန်းအောင်မြင်တော်မူသော နေနတ်သားစာသင်တိုက်မှ သံဃာတော်အား မြို့နယ်သာသနာရေးဦးစီးမှူး ဦးသိန်းဝင်းက အောင်လက်မှတ်ဆက်ကပ်စဉ်။

(၁၂၉)

အခြေခံယဉ်ကျေးမှုသင်တန်း ရွှေနေချုပ်ရုံးဓမ္မာရုံ၌ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရှေ့နေချုပ်ရုံးဓမ္မာရုံတွင် အသက် ၆ နှစ်မှ ၁၂နှစ်အရွယ်ရှိကျောင်းသားလူငယ်များ အတွက် တတိယအကြိမ်မြောက် အခြေခံယဉ်ကျေးမှုသင်တန်းကို ဓမ္မဒါနအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ စာရင်းပေးသွင်းလိုသူများ၏ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူတို့သည် အထက်ပါဓမ္မာရုံသို့ ဧပြီ ၃ရက် (စနေနေ့)နှင့် ဧပြီ ၁၀ရက် (စနေနေ့)နှင့် ဧပြီ၁၁ရက်(တနင်္ဂနွေနေ့)များတွင် မွန်းတည့်၁၂နာရီမှ ညနေ ၄နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

အကြိမ် (၇၀)မြောက်သွေးလှူ

ရန်ကုန် ဧပြီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန် ဦးစီးဌာနမှ ဦးမြင့်စိုး လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) လူမှုထူးချွန် တတိယဆင့်**(အပေါ်ပုံ)**သည် မတ်၂၂ရက်က အမှတ်(၂) တပ်မတော် ဆေးရုံတွင် အကြိမ်(၇၀)မြောက် သွေးလှူဒါန်းသည်။

(က–ပ)

သကြၤန်ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ရန်ကြီးအောင်လမ်း ချင်းတွင်းဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြၤန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် သဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်တော်မူသော ကမ္မဋ္ဌာနစရိယ အရှင်မုနိန္ဒ (ကျိုက်ဝိုင်း) ဆရာတော်နှင့် ကျောင်းတိုက်၏ ကျောင်းထိုင် ဆရာတော် အရှင်သံဝရစာရတို့က သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုကြသော ယောဂီသူတော်စင်များ (ဧပြီ ၁၀ရက် စနေနေ့) တန်ရူးလပြည့်ကျော် ၆ရက်၊ ညနေ ၆နာရီနောက်ဆုံးထား၍ ဖုန်း ၆၅၁၀၈၁သို့ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟင်္သာတမြို့၌ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ အခမ်းအနားတွင် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် ဟင်္သာတမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မော်ကွန်းကမ္ပည်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

လျှောက်ထားတင်ပြ

ထို့နောက် သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်လှူဒါန်း ရေစက်ချမင်္ဂလာအခမ်းအနားကို သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပရာ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ရီက ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖြစ်ပေါ်လာရသည့် အကြောင်းရင်းနှင့် သာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လျှောက်ထားတင်ပြသည်။

ငါးပါးသီလခံယူဆောက်တည်

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မဟာဒွါရ နိကာယ တေရသမ သာသနာပိုင် ဟင်္သာတမြို့ မဟိတာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုဏ္ဍိယာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဒွါရ နိကာယ တေရသမ သာသနာပိုင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဟင်္သာတမြို့ မိုးကောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာစာရက သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ *စာမျက်နှာ ၅ ကော်လံ ၁*

ဟင်္သာတခရိုင်သာသနာ့ဗိမာန်တော်ကြီး

ဟင်္သာတမြို့၌ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ အခမ်းအနားတွင် သာသနာ့ဗိမာန်တော်ကြီးကို တွေ့ရစဉ်။

(သတင်းစဉ်)

အီရတ်ရဲအဖွဲ့ဝင်များကို ကန်တို့နှင့် ပူးပေါင်းသူများဟုယူဆ ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများပိုများလာ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်ရဲတပ်ဖွဲ့များသည် တိုက်ခိုက်သူများ၏ ပစ်မှတ်ထားခြင်းကို ခံနေရပြီး ထိုရဲတပ်ဖွဲ့ဝင်များလက်တွင်းသို့ လုံခြုံရေးတာဝန် လွှဲပြောင်းပေးအပ်ရန် အမေရိကန်တို့က စီစဉ်လျက်ရှိသည်။

အီရတ်ရဲတပ်ဖွဲ့ဝင်များသည် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်သူများအဖြစ် တိုက်ခိုက်သူများက ထင်မြင်ယူဆကြပြီး တိုက်ခိုက်ခဲ့မှုကြောင့် စစ်ပွဲစချိန်မှစပြီး အီရတ်ရဲတပ်ဖွဲ့ဝင် ၆၀၀ခန့် သေဆုံးခဲ့ပြီဖြစ်သည်။

စခန်းများတစ်ဝိုက်၌ ကာကွယ်စောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း လုပ်ကြံသတ်ဖြတ်မှုနှင့် တိုက်ခိုက်မှုများသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်တပ်များကို လိုအပ်သော ပစ္စည်းကိရိယာ တန်ဆာပလာများ တပ်ဆင်ထားပြီး အီရတ်ရဲတပ်ဖွဲ့ဝင်များကို လိုအပ်သည့် လက်နက်ကိရိယာများတပ်ဆင်ပေးထားခြင်းမရှိသည့်အတွက် သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်း အီရတ်ရဲအရာရှိ တစ်ဦးက ပြောကြားခဲ့သည်။ နုတ်ထွက်သွားသော ရဲတပ်ဖွဲ့ဝင်များ နေရာတွင် တပ်ဖွဲ့ဝင်များ အစားထိုး အသစ်ခန့်အပ်ရန်အတွက် အမေရိကန်အစိုးရသည် အလဟဿ အချိန်ဖြုန်းနေကြောင်းလည်း ဝေဖန်ခဲ့ကြသည်။

(စီအင်န်အင်န်)

ပျက်စီး

မတ် ၃၁ ရက်က ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်ပျက်စီးနေသော မော်တော်ယာဉ်တစ်စီး၏ အပိုင်းအစများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သတင်းစာဆရာနှစ်ဦးသေဆုံးခဲ့ရမှု အမေရိကန်တပ်ဖွဲ့ဝင်များကြောင့်ဟုဝန်ခံပြောကြား

ဘဂ္ဂဒက် မတ် ၃၁

ယခုလထဲတွင် စစ်ဆေးရေးစခန်းတစ်ခု၌ အီရတ်သတင်းစာဆရာနှစ်ဦး ပစ်သတ်ခံရမှုတွင် တာဝန်ရှိကြောင်း အမေရိကန်အာဏာပိုင်များက တနင်္လာနေ့တွင် ဝန်ခံပြောကြားလိုက်သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့်သတင်းအကျဉ်းတွင် အယ်အာရေဗျဂြိုဟ်တုသတင်းဌာနမှ သတင်းစာဆရာနှစ်ဦးဖြစ်သော ဓာတ်ပုံဆရာတစ်ဦးနှင့် သတင်းထောက်တစ်ဦးတို့သည် အရှိန်ဖြင့်မောင်းလာသော ကားတစ်စီးနောက်မှ အခြားကားတစ်စီးဖြင့် စစ်ဆေးရေးစခန်းရှိရာသို့ အရှိန်ဖြင့် မောင်းလာခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်များကအဆိုပါအရှိန်ဖြင့်မောင်းလာသောကားကို ပစ်ခတ်ခဲ့ရာမှ သတင်းစာဆရာများကို ထိမှန်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သေဆုံး

ထိုသို့ဆိုသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦးက အဆိုပါအရှိန်ဖြင့် မောင်းလာသောကားကို သေနတ်ဖြင့်ခြောက်ချက်ခန့် ပစ်ခတ်ခဲ့ရာမှ သတင်းစာဆရာများကို ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာဆရာများသည် အရှိန်ဖြင့် မောင်းလာသောကားနောက်မှ မီတာ ၁၀၀သို့မဟုတ် ၃၂၅ပေအကွာမှ လိုက်ပါလာကြောင်း၊ အရှိန်ဖြင့် မောင်းလာသောကား၏ယာဉ်မောင်းလည်း သေဆုံးခဲ့ကြောင်း အဆင့်မြင့် စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ထွက်ခွာ

ထိုသို့အီရတ်သတင်းစာဆရာများသေဆုံးရသည့်အတွက် ဘဂ္ဂဒက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် မိန့်ခွန်းပြောကြားစဉ် အာရပ်သတင်းစာဆရာများသည် သပိတ်မှောက်ကာ ထွက်ခွာသွားခဲ့ကြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ရေနံထုတ်လုပ်မှု မှတ်တမ်းထားခြင်းမရှိမှု မှောင်ခိုရန်အခွင့်အလမ်းပေးထားသကဲ့သို့ဖြစ်ဟုဆို

ကုလသမဂ္ဂ မတ် ၃၁

ဘဂ္ဂဒက်တွင်ရှိသော အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ သည် အီရတ်၏ရေနံထုတ်လုပ်မှုကို မှတ်တမ်းထားခြင်းမရှိသဖြင့် မှောင်ခိုရန် အခွင့်အလမ်းပေးထားသကဲ့သို့ ဖြစ်ကြောင်း နိုင်ငံတကာစောင့်ကြည့်ရေးအေဂျင်စီက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ထိုပြဿနာကို ဖြေရှင်းရန်အတွက် အရေးပေါ် လုပ်ငန်းများ ဆောင်ရွက်ရန်လည်း နိုင်ငံတကာဆိုင်ရာ စောင့်ကြည့်ရေးအေဂျင်စီက တိုက်တွန်းလိုက်သည်။

ပြောကြား

အီရတ်ရှိ ယာယီအုပ်ချုပ်ရေးအဖွဲ့သည် အီရတ်၏ ရေနံစိမ်းထုတ်လုပ်မှုမှာ တိုင်းတာမှတ်သားခြင်းမရှိကြောင်း လွန်ခဲ့သည့်နှစ်ပတ်က အကြောင်းကြားခဲ့သည်ဟု စစ်ပြီးကာလ အီရတ်၏ ရေနံထုတ်လုပ်မှုကို စောင့်ကြည့်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဖွဲ့စည်းထားသော နိုင်ငံတကာ စောင့်ကြည့်ရေးနှင့် အကြံပေးအဖွဲ့က ပြောကြားသည်။

ရောင်းချ

အီရတ်နိုင်ငံသည် လွန်ခဲ့သည့်တစ်နှစ်နီးပါး၌ ဆက်ဒမ်ဟူစိန်အစိုးရမရှိတော့သည့် အချိန်မှစပြီး ရေနံစိမ်းကို ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံကျော်ဖိုး တင်ပို့ရောင်းချခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၃၁ ရက်က ဘဂ္ဂဒက်မြို့၌ စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်ဝန်း တစ်နှစ်အတွင်း ယာဉ်တိုက်မှုပေါင်း တစ်သန်းကျော်ရှိ

ယာဉ်တိုက်မှုလျော့ကျရေး ဒဗလျူအိတ်ချ်အိုပြောကြား

ရောမ မတ် ၃၁

တစ်နှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ယာဉ်တိုက်မှုပေါင်း ၁ ဒသမ ၂ သန်းရှိကြောင်း၊ ယာဉ်တိုက်ခံရသည့် ပြည်သူသန်း ၂၀ မှ ၅၀ ကြား ဒဏ်ရာ ပြင်းထန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ရောမမြို့၌ တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ယာဉ်တိုက်မှုတားဆီးကာကွယ်ရေး ဒဗလျူအိတ်ချ်အို ညှိနှိုင်းရေးမှူး မာဂျိပတ်ဒန်က တနင်္လာနေ့တွင် အီတလီအမျိုးသားသုတေသနကောင်စီ၌ ကျင်းပသည့် စတုတ္ထအကြိမ် ခရီးသွားဆိုင်ရာ ဆေးပညာကွန်ဖရင့်၌ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဧပြီ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့ အကြိုအဖြစ် အဆိုပါ သတင်းကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ယခုနှစ် ဒဗလျူအိတ်ချ်အိုက လမ်းလုံခြုံဘေးကင်းစေရန် ရည်ညွှန်းလျက်ရှိသည်။

ယာဉ်တိုက်မှုဖြစ်ပွားရသည့် ၉၀ ရာခိုင်နှုန်းမှာ ဝင်ငွေနည်းသည့်နိုင်ငံများဖြစ်သော အာဖရိက၊ အာရှ၊ လက်တင်အမေရိကနိုင်ငံများ ဖြစ်ကြောင်း ပတ်ဒန်က ပြောကြားသည်။

ယင်းတို့အများစုမှာ ချေကျင်လျှောက်သူ လမ်းသွားလမ်းလာများသို့မဟုတ် မော်တော်ဆိုင်ကယ်နှင့်စက်ဘီးစီး၍ သွားလာကြသူများဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ဒဗလျူအိတ်ချ်အိုသည် ယာဉ်တိုက်မှုတားဆီးကာကွယ်ရေးအတွက် ယာဉ်မောင်းသည့် အရှိန်၊ ထိုင်ခုံနှင့် ခါးပတ်များ အသုံးပြုမှု၊ နှစ်ဘီးတပ်ယာဉ်များတွင် ခမောက်အသုံးပြုမှု၊ အရက်သေစာသောက်သုံးမှု၊ ကာကွယ်ရေးအဝတ်အစားများဝတ်ဆင်မှု စသည့် အဓိကအချက်ငါးချက်ကို မူတည်၍ ယာဉ်တိုက်မှုလျော့ကျရေး ဆောင်ရွက်နေကြောင်း ပတ်ဒန်က ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖနွမ်းပင်မြို့တော်ရှိ စီးကရက်ကြော်ငြာများ ယခုသီတင်းပတ်အတွင်း ဖယ်ရှားတော့မည်

ဖနွမ်းပင် မတ် ၃၁

ယခုသီတင်းပတ်မှ စတင်ပြီး ဖနွမ်းပင်မြူနီစပယ်က စီးကရက်ကြော်ငြာများကို ဖယ်ရှားပိတ်ပင်တော့မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဒေးလီသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီမှု လက်မှတ် ရေးထိုးရန် ပေါ်ပေါက်ခဲ့ပြီးနောက် ဖနွမ်းပင်မြို့တော်တွင် ဆေးရွက်ကြီးနှင့် စီးကရက်ဆိုင်ရာ ကြော်ငြာရိုက်နှိပ်မှုများ၊ ကြော်ငြာဆိုင်းဘုတ်များကို ဖယ်ရှားရန် ပြီးခဲ့သည့်သီတင်းပတ်က ကမ္ဘောဒီးယားကျန်းမာရေး ဝန်ကြီးဌာနက ပြောဆိုခဲ့သည်။

အဆိုပါ စီးကရက်ကြော်ငြာများ ဖယ်ရှားမှုကို ယခုကြာသပတေးနေ့တွင် စတင်မည်ဖြစ်သည်။ သို့သော် ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများတွင် စီးကရက်ကြော်ငြာများ ထုတ်လွှင့်နေခြင်းကို လောလောဆယ်၌ ဖယ်ရှားခြင်းမပြုသေးကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

စာမျက်နှာ ၃ မှ

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်လှူဒါန်း ရေစက်ချမင်္ဂလာအခမ်းအနား အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ဗိမာန်တော်ကြီးကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်အဖွဲ့ဝင်များသည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးကို ကြည့်ရှုကြသည်။

ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးမှာ အလျားပေ ၁၂၀၊ အနံပေ ၇၀ရှိပြီး ပရိသတ် ၅၀၀ ခန့်ဆံ့သော ဗိမာန်တော်ကြီးဖြစ်သည်။



ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ဟင်္သာတမြို့ မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီးဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဦးဆောင်မတည်

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မတည် လှူဒါန်းငွေနှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖူးမြော်ကြည်ညို

ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီးဘုရားကို ဖူးမြော်ကြည်ညို ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆယ်ထပ်ကြီးဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် ဟင်္သာတမြို့ မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီးဘုရားအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဟင်္သာတမြို့၌ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

ရန်ကုန် မေ ၁

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ၁၃၆၆ခုနှစ် တန်ခူးလပြည့်ကျော်၈ရက် (မေ၁၂)ရက်မှ တန်ခူးလပြည့်ကျော်၁၂ရက် (မေ၁၆)ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉နာရီတွင် နဝင်္ဂသီလချီးမြှင့်ပြီး မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို သံဃာ့မဟာနာယကအဖွဲ့နာယကချုပ်၊ ဒုတိယနာယကချုပ်အဖွဲ့နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ဆရာတော်များက ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည့်စုံအေးသာသနာ့ရိပ်သာ သိမ်သမုတ်ပွဲကျင်းပမည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ည ရပ်ကွက်၊ သုနန္ဒာလမ်းနှင့် ခေမာသီ လမ်းထောင့်ရှိ တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတကြီးမှူး၍ ရန်ကုန် မြို့ဗဟန်းမြို့နယ်နေ ကျေးဇူးရှင် သီဟဗလဗိုလ်မှူးကြီး စိန်မှန်-ဒေါ်အေးကြည်တို့အား ရည်စူး၍ သမီး ဒေါ်ဒေါ်ချောမိသားစုက ကျပ်သိန်း ၁၀၀ မတည်လှူဒါန်းသည့် ကျပ်သိန်း ၂၀၀ ကျော်တန် ပြည့်စုံအေး မဟာစည်ရိပ်သာ ဝိသုံဂါမ သိမ်တော်ကြီးကို မေ ၄ ရက် (တနင်္ဂနွေနေ့)နံနက်တွင် သိမ်နုတ် သိမ်သမုတ်ပွဲ ကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များကြွရောက်ကြည်ညိုကြရန်နှင့် လှူဒါန်းလိုသူများသည် အဆိုပါ ပြည့်စုံအေး သာသနာ့ရိပ်သာ ဖုန်း-၀၁-၆၉၀၀၃၅ ထံ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

ထစ်ချုန်း ရွာမွှယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမွှယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံသင်္ဘောကျင်းဝင်းအတွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနား ပထမပိုင်း အစီအစဉ်များကို အလုံသင်္ဘောကျင်းဝင်းအတွင်းရှိ အထိမ်းအမှတ် မုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့က အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အလုံသင်္ဘောကျင်း ပန်းခြံအတွင်း၌ အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

အဆင်ပြေစွာပို့ဆောင်

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ပြည်တွင်းရေကြောင်းသွားလာမှုတွင် ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways)ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ပြည်နယ်ရှိ ကစ္ဆပနဒီမြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်တို့တွင် ခရီးလမ်း မိုင်ပေါင်း ၈၂၁၉ မိုင်ကို ရေယာဉ် အစင်းပေါင်း ၅၃၀ ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တစ်နေ့လျှင် ခရီးသည် ၆၇၀၀၀ နှင့် ကုန်တန် ၁၂၀၀၀၊ တစ်နှစ်လျှင် ခရီးသည် ၂၅ သန်းခန့်၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါး ခန့်နှင့် ကုန်တန်ချိန် ၄ ဒသမ ၂ သန်းခန့်ကို နေ့စဉ် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကျယ်ပြန့်လှသော ပြည်တွင်းပြည်ပ ရေကြောင်းသွားလာမှုကဏ္ဍတွင် ပို့ဆောင်ရေးဝန်ကြီးဌာနသည် "များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့" ဟူသောဆောင်ပုဒ်နှင့်အညီ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းရေးဆွဲ

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတွင် ဌာနခုနစ်ခု ရှိသည့်အနက် အင်ဂျင်နီယာဌာနသည်လည်း ဌာနတစ်ခုအဖြစ်ပါဝင်ပါကြောင်း၊ အင်ဂျင်နီယာဌာနအနေဖြင့် စက်ရှိ၊ စက်မဲ့ ရေယာဉ်များနှင့် ဆိပ်ခံတွဲများကို ရေယာဉ်ကြံ့ခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်ကြံ့ခိုင်စေရန် ရေယာဉ်ဟောင်းများကို အောက်ခြေသိမ်း ပြန်လည်ပြင်ဆင်ခြင်း၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ် ကျင်းတင်ပြင်ဆင်ခြင်း၊ ရေယာဉ်များ၏ စက်များ၊ ဂီယာများကို အောက်ခြေသိမ်းပြင်ဆင်ခြင်း၊ လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ရန်စသည့် လုပ်ငန်းကိုနှစ်စဉ်ဘဏ္ဍာငွေ ခွင့်ပြုချက်အပေါ်မူတည်၍ သက်ဆိုင်ရာလုပ်ငန်းဆက်နွယ်သည့် ဌာနများနှင့်ညှိနှိုင်းကာ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန၏ အလုံသင်္ဘောကျင်းကြီးသည် ယနေ့ ၂၀၀၄ ခုနှစ် ဧပြီ ၁ရက်တွင် နှစ်(၁၀၀)ပြည့်ပြီဖြစ်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး သမိုင်းအစဉ်အလာအရ ထူးခြားမှုတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် ကျင်းပရသည့် ရည်ရွယ်ချက်မှာ (၁)အလုံသင်္ဘောကျင်း၏ နှစ် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစွမ်းဆောင်မှုများကို မှတ်တမ်းတင်ရန်၊ (၂)အလုံ သင်္ဘောကျင်းတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော လုပ်သားကြီးများအား မှတ်တမ်းတင်ဂုဏ်ပြုရန်၊ (၃)ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် အလုံသင်္ဘောကျင်း၏ ကြီးမားသော သမိုင်းအစဉ်အလာကို လက်ဆင့်ကမ်း ထိန်းသိမ်း၍ ဌာနချစ်စိတ်ဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

ရေယာဉ်၁၅စင်းတစ်ပြိုင်တည်းပြုပြင်နိုင်

အလုံသင်္ဘောကျင်းသည် မြေဧရိယာအားဖြင့် ၂၈ ဒသမ ၆ ဧကကျယ်ဝန်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဒုတိယအကြီးဆုံးသင်္ဘောကျင်းကြီးဖြစ်ပြီး ကျင်းလမ်းခြောက်ခုဖြင့် ရေယာဉ် ၁၅ စင်းကို တစ်ပြိုင်နက် ကျင်းတင်ပြုပြင်ပေးနိုင်ပါကြောင်း၊ အလုံ သင်္ဘောကျင်းသည် ရေယာဉ်သစ်များ၊ ကုန်တင်တွဲယာဉ်များကို တည်ဆောက်ပေးခြင်းအပြင် နိုင်ငံတော် လိုအပ်ချက်အရ ၁၉၈၆ ခုနှစ်က မီးရထား ကုန်တင်တွဲ ၅၁ တွဲတို့ကို ပြုပြင်ပေးခြင်း၊ အထက်တန်းတွဲ ခြောက်တွဲ အသစ်တည်ဆောက်ခြင်း၊ ရထားတွဲဆိုင်ရာ ပစ္စည်းငါးမျိုး၏ အရေအတွက် ၁၄၃၉ ခုကိုလည်း ထုတ်လုပ်တပ်ဆင်ပေးနိုင်ခဲ့ပါကြောင်းဖြင့်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာတွင် အလုံ သင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်း ခြောက်ကျင်းအနက် တစ်ကျင်းဖြစ်ကြောင်း၊ ၁၉၀၄ ခုနှစ်တွင် အလုံသင်္ဘောကျင်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီလီမိတက်က သင်္ဘောကျင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်ဖောင်ဒရီအမည်ဖြင့် ကနဦးမှည့်ခေါ်ခဲ့ကာ သံရည်ကျိုခြင်း၊ ကြေးရည်ကျိုခြင်း လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ခဲ့ကြောင်းကို မှတ်တမ်းများအရ သိရှိခဲ့ရကြောင်း၊ ၎င်းလုပ်ငန်းများနှင့်အတူ သင်္ဘောကျင်း လမ်းလေးခု တည်ဆောက်ပြီး တန် ၁၀၀ ခန့် ရေယာဉ်များ ကျင်းတင်ခြင်း လုပ်ငန်းကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုအချိန်မှစ၍ အလုံသင်္ဘောကျင်း သန္ဓေတည်မွေးဖွားလာခဲ့ကြောင်းကို မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ ၁၉၄၈ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခုဖြစ်လာခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ရန်ကုန်ဖောင်ဒရီအမည်မှ အလုံသင်္ဘောကျင်းဟု အမည်ပြောင်းလာခဲ့ကြောင်း။

အစဉ်အလာကောင်း

ယနေ့ဆိုလျှင် အလုံသင်္ဘောကျင်းသည် နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ခဲ့ပြီး ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ ရေယာဉ်သစ်များ တည်ဆောက်ပေးခြင်း၊ ရေယာဉ်ဟောင်းများ ပြုပြင်ပေးခြင်း၊ အင်ဂျင်နီယာအတတ်ပညာပိုင်းဆိုင်ရာလိုအပ်ချက်အရ ဆောင်ရွက်ပေးခဲ့ခြင်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ခြင်းများကို တွေ့မြင်ခဲ့ရပြီးဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ယနေ့ထိ ရေယာဉ်သစ် ၄၀ စင်းတို့ကို တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ တစ်နှစ်လျှင် ရေယာဉ်များ အကြီးစားပြင်ဆင်ခြင်း ပျမ်းမျှ ၅၈ စင်း၊ အသေးစား ပြင်ဆင်ခြင်း ပျမ်းမျှ ၁၈၂ စင်းတို့ကိုပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ ဤကဲ့သို့ ရေယာဉ်သစ်များ တည်ဆောက်ပေးခြင်း၊ ရေယာဉ်ဟောင်းများ ပြုပြင်ပေးခြင်း၊ အခြားအင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး အစဉ်အလာကောင်းများ ဆောင်ရွက်ခဲ့ကြသည့် အလုံသင်္ဘောကျင်း ဝန်ထမ်းဟောင်းကြီးများ၊ လက်ရှိဆောင်ရွက်ဆဲ ဝန်ထမ်းများအား ဤနေရာမှနေ၍ ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် လမ်းများ၊ တံတားကြီးများ၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံစိတ်ချမြန်ဆန်စေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးများ အလွန်တိုးတက်လာနေပြီဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်တစ်ခွင်၌ဆိုလျှင် ယခင်က မရှိခဲ့ဘူးသော တံတားသစ်ကြီးများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြစ်ဝကျွန်းပေါ်ရှိ နေရာအနှံ့ကို ကားလမ်းများဖြင့် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ သို့ရာတွင်ကုန်တန်ချိန်များပြီး ဝန်ကျယ်သောကုန်ပစ္စည်းများကို စရိတ်စက သက်သာစွာဖြင့် သယ်ဆောင်ပေးနိုင်သည့် ရေကြောင်းပို့ဆောင်ရေးသည် ဆက်လက်အရေးပါနေမည်ဖြစ်သကဲ့သို့ ရေယာဉ်များပြင်ဆင်သည့် သင်္ဘောကျင်းများအနေဖြင့်လည်း ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် အကြီးဆုံး နိုင်ငံပိုင်ပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်ပြီး၊ စက်ရှိရေယာဉ် ၃၃၁ စင်း၊ စက်မဲ့တွဲ ၁၅၈စင်း၊ ဆိပ်ခံ အစင်း ၄၀၊ စုစုပေါင်း ရေယာဉ် ၅၂၉ စင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၎င်းရေယာဉ်များ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုများသည် သင်္ဘောကျင်းများ၏ ပြင်ဆင်တည်ဆောက်ပေးမှုများပေါ်တွင် မူတည်လျက်ရှိကြောင်း။

နိုင်ငံနှင့်ပြည်သူအကျိုးသယ်ပိုး

ထို့ကြောင့် ရေယာဉ်များ လုံခြုံစိတ်ချမှုနှင့် ကြံ့ခိုင်မှုရှိစေရေးအတွက် အလုံသင်္ဘောကျင်းအပါ

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနားအပြီးတွင် ပြခန်းများကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၁

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည် ဩဝါဒခံစိန်စည် သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်အထူးတရားစခန်းပွဲများကို ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲရက်အတွင်း ညစဉ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊မဟာစည် သာသနာ့ရိပ်သာမှ နာယက ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖျော်ရည်များ လှူဒါန်းဆက်ကပ်လိုသူများသည် ရိပ်သာ ဖုန်း-၅၈၁၁၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Samlee Plianbangchang အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra လည်းတက်ရောက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

စာမျက်နှာ ၆ မှ

အဝင်သင်္ဘောကျင်းများအားလုံး အနေဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန်လိုအပ်ကြောင်းကို တိုက်တွန်းလိုကြောင်း။

သမိုင်းကြောင်း

နိဂုံးချုပ်အနေဖြင့် ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ အစဉ်အလာ ကောင်းခဲ့သော အလုံသင်္ဘောကျင်းအနေဖြင့် ကောင်းသောအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုး တိုး၍ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အထိမ်းအမှတ်

ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပစ္စည်းပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ပြခန်းကြည့်ရှု

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည်အလုံသင်္ဘောကျင်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းကိုကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ညနေ ၆ နာရီတွင် ဒလမြို့ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒလသင်္ဘောကျင်းရှိ တွင်စက်ရုံ၌ သင်္ဘောစက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်နေမှုနှင့် သင်္ဘောကျင်းအတွင်းပြုပြင်တည်ဆောက်နေသော တန် ၅၀၀ ကုန်တင်ရေယာဉ်နှင့် အမြန်ရေယာဉ်အပါအဝင်ရေယာဉ်တည်ဆောက်ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဒလသင်္ဘောကျင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ပြင်ဆင်နိုင်

ဒလသင်္ဘောကျင်းသည် ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့၌ တည်ရှိပြီး ဧက ၃၀ ကျယ်ဝန်းသည်။ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးရှိ သင်္ဘောကျင်းများအနက် အကြီးဆုံးသင်္ဘောကျင်းဖြစ်ပြီး ရေလုံကျင်းအပါအဝင် လွန်းကျင်းပေါင်း ၁၄ ကျင်းရှိကာ တန်ချိန်အားဖြင့် တန် ၁၄၀၀ တင်နိုင်သည်။ တစ်ကြိမ်လျှင် ရေယာဉ် ၁၈စင်း တစ်ပြိုင်တည်း ကျင်းတင် ပြင်ဆင်နိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် ဧပြီ ၁

တရုတ်-မြန်မာနှစ်နိုင်ငံ သတင်းလောကအကြား အပြန်အလှန် နားလည်မှုနှင့်ချစ်ကြည်ရင်းနှီးမှုတိုးပွားလာစေရန်၊ နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနှင့်ဖလှယ်ရေးကို အားဖြည့်ပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာအယ်ဒီတာအဖွဲ့ အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦးတို့ပါဝင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ရက်သတ္တတစ်ပတ်ကြာ လှည့်လည်လေ့လာရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း)ဦးလှထွန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မတ် ၂၈ရက်က ကျင်းပသည့် နွေရာသီသက်တန်းအလိုက် ရေကူးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး လူသစ်တန်း ရေကူးပြိုင်ပွဲ အမျိုးသမီး (အကြီးတန်း) မီတာ ၄၀၀ အလွတ်ကူး ပွဲစဉ်တွင် ၄ မိနစ် ၃၅ဒသမ ၄၂စက္ကန့်ဖြင့် မြန်မာပြည်စံချိန်သစ်တင်ကာ ပထမရရှိသွားသော မိုးသူအောင် (လယ်ယာ/ဆည်မြောင်း)အား မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးက ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တောင်စွန်းဓမ္မဒူတခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

တောင်ဥက္ကလာပမြို့နယ် (၁၁) ရပ်ကွက်လုံးဆိုင်ရာ သာသနဟိတ ဓမ္မာရုံကြီးတွင် ကျေးဇူးတော်ရှင် တောင်စွန်းဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်၏ ဥပနိဿယအတိုင်း တောင်စွန်းဓမ္မဒူတ အရှင်ဝိဝေက (ဓမ္မာစရိယ)ကမ္မဋ္ဌာနာစရိယဆရာတော်က ဓမ္မာနုပဿနာကျင့်လမ်း ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၈ ရက် အထိ ကျင်းပမည်ဖြစ်သည်။

တရားအားထုတ်လိုသည့် ယောဂီများသည် ဧပြီ၁၀ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဧပြီ ၁ရက်မှစတင်၍ သာသနဟိတဓမ္မာရုံကြီးတွင်စာရင်းများ စတင်ပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အဆင့်မြင့်တန်းအနိုင်အရှုံး

ရန်ကုန် ဧပြီ ၁

စီးပွား/ကူးသန်း – သုံးဂိုး။
ပတ္တမြားနဂါး – တစ်ဂိုး။

ပို့ဆောင်ရေး – နှစ်ဂိုး။
ပြည်ထဲရေး – ဂိုးမရှိ။

(မြန်မာ့အလင်း)

စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီသယ်ယူရောက်ရှိရေးနည်းလမ်းများရှာကြံ ကုန်ကြမ်းဝါးစဉ်ဆက်မပြတ်ရရှိရေးစီမံချက်ချမှတ်၍စိုက်ခင်းများစနစ်တကျထူထောင်

❑ *ကျော်ဖုံးမှ*

ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၃၁ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းသို့ ထွက်ခွာခဲ့ကြရာ နံနက် ၉ နာရီခွဲတွင် ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။

ဒေသခံပြည်သူများကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဟင်္သာတမြို့တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဧရာဝတီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)တွင် စက်ပစ္စည်းများတင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical, Construction (Group) corporation (MCC) မှ Vice Chairman, Mr. Shuchen Li အား သစ်သီးခြင်းကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ပျော့ဖတ်စက်ရုံစီမံကိန်းရောက်ရှိ

အခမ်းအနားအပြီးတွင် ရဟတ်ယာဉ်များဖြင့် သာပေါင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)ကို သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိပါကြောင်း။

ရှင်းလင်းတင်ပြ

စီမံကိန်းလုပ်ငန်းများကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ စက်ရုံတည်ဆောက်ရေးလုပ်ငန်း ၉၈ ရာခိုင်နှုန်း၊ စက်တပ်ဆင်ရေးလုပ်ငန်း ၇၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် စက်စမ်းသပ် လည်ပတ်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းက စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ စီမံကိန်းတွင် ဆောက်လုပ်ရေးနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ၏ အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ချက်နှင့် ပြီးစီးမှုအခြေအနေများ၊ ဝါး၊ ဆား၊ ထုံးကျောက်၊ လျှပ်စစ်ဓာတ်အား၊ မီးထိုးဆီနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်များ၊ကုန်ကြမ်းဝါးရရှိရေးစီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ဆက်စပ်အကောင်အထည်ဖော်သွားမည့် တစ်နေ့ တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံစီမံကိန်း(သာပေါင်း)၊ တစ်နေ့ တန် ၆၀ သတင်းစာစက္ကူစက်ရုံ စီမံကိန်း (သာပေါင်း)၊ မီးထိုးဆီသိုလှောင်ကန် တည်ဆောက်ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ကုန်ကြမ်းသယ်ယူရေးတင်ပြ

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က သာပေါင်းစက်ရုံစီမံကိန်းအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က စက်ရုံသို့ ကုန်ကြမ်းဝါး သယ်ယူနိုင်မည့် ရေလမ်း၊ကုန်းလမ်းအခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာ ကြီးမားသည့် စက်ရုံကြီးဖြစ်၍ စက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ကိုင်တွယ် လည်ပတ်ကုန်ထုတ်လုပ်နိုင်ရန်လိုကြောင်း။

ကြိုတင်စဉ်းစားထား

စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီသယ်ယူရောက်ရှိရေးအတွက် နည်းလမ်းများ ရှာကြံထားရမှာဖြစ်သကဲ့သို့ လိုအပ်သော ကုန်ကြမ်းဝါး စဉ်ဆက်မပြတ်ရရှိစေရေးအတွက်လည်း စီမံချက်ချမှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်းများ စနစ်တကျ စိုက်ပျိုးထူထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ပျော့ဖတ်နှင့် စက္ကူများ သုံးစွဲသူများထံ မြန်မြန်ဆန်ဆန်ရောက်ရှိရေးအတွက်လည်း သယ်ယူပို့ဆောင်ရေးအစီအမံများကို ကြိုတင်စဉ်းစားထားရန် လိုကြောင်း။

အလားအလာရှိ

ဤစက်ရုံ တည်ဆောက်မှု အတွေ့အကြုံများကို အခြေခံ၍ နောင် တည်ဆောက်သွားမည့် ပျော့ဖတ်နှင့်စက္ကူစက်ရုံများ၏ တည်ဆောက်သွားသင့်သည့် နေရာဒေသများအပြင် တည်ဆောက်သွားသင့်သည့် စက်အင်အား ပမာဏတို့ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျော့ဖတ်နှင့် စက္ကူစက်မှုလုပ်ငန်းသည် အလားအလာရှိသည့် စက်မှုလုပ်ငန်းဖြစ်ကြောင်းဖြင့် မှာကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စက်ရုံအတွက် စက်ပစ္စည်းများ တင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation (MCC) မှ Vice Chairman, Mr. Shuchen Li အားသစ်သီးခြင်းကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

မှတ်တမ်းဓာတ်ပုံရိုက်

ဆက်လက်၍ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက် Vice Chairman,Mr. Shuchen Li က အမှတ်တရဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ (MCC) မှ Vice Chairman နှင့်အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည်တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း၏ တည်ဆောက်ပြီးစီးနေသော လုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆိပ်ခံတံတားစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကုန်ကြမ်းဝါးများ သိုလှောင်မည့် ဝါးကွင်းနှင့်ငဝန်မြစ်ကမ်းဘေး၌ တည်ဆောက်ထားသည့် ကုန်ပစ္စည်းတင်ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ၃နာရီ၁၀မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့သို့ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုသိမ်

တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)	
တည်နေရာ	သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ
စီမံကိန်းစတင်သည့်ရက်နေ့	၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁ ရက်
ပြီးစီးသည့်ရာခိုင်နှုန်း	၉၈ ရာခိုင်နှုန်း
စက်တပ်ဆင်ပြီးစီးမှု	၇၂ ရာခိုင်နှုန်း
စမ်းသပ်လည်ပတ်မှု	၂၀၀၄ ခုနှစ် ဇူလိုင်လ

သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း) ကို တွေ့ရစဉ်။ (စက်မှု-၁)

2-4 (8).p65 1 3/24/05, 9:14 PM

တံတားတည်ဆောက်ရေးစီမံကိန်း ဖြစ်ပေါ်ခဲ့မှု၊တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တံတားကိုတာဝန်ယူတည်ဆောက်လျက်ရှိသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၈)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်နှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားတည်ဆောက်ရေးလုပ်ငန်းများကို ခိုင်ခိုင်ခံ့ခံ့ဖြင့် အမြန်ဆုံးတည်ဆောက်ပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုသိမ်တံတားနှင့် ဆက်စပ်အသုံးပြုမည့် ငွေဆောင်လမ်းနှင့် ချောင်းသာလမ်းများ အခြေပြမြေပုံကို ကြည့်ရှုပြီး ဆက်စပ်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ထပ်မံမှာကြားသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား သာပေါင်း မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ကျ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုသိမ်တံတား၏ ချဉ်းကပ်တံတားတိုင်နှင့် ကြိုးထိန်းခုံတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

၄၀ ရာခိုင်နှုန်းပြီးစီး

ပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်တွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်ကြိုးတံတားနှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်း အရှည်မှာ ပေ၂၁၄၀ ဖြစ်ပြီး ၂၈ ပေ ကျယ် ယာဉ်သွားလမ်းပါရှိမည့် တံတားဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအပြီးတွင် ပုသိမ်မြို့ ကမ်းနားနှင့် ကမ်းနားလမ်းကို မော်တော်ယာဉ်များဖြင့်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဧပြီ ၁

(၁၈၃)ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၃၀၀)အထူးဆု

သ-၈၉၈၄၅၅

ကျပ်သိန်း(၅၀) ဆုများ

န-၆၀၂၀၃၉	ဓ-၆၁၆၇၆၈
ကက-၉၆၅၇၅၀	ရ-၄၈၂၉၇၅
ဖ-၈၄၄၈၄၅	န-၁၆၅၇၅၉
န-၁၀၆၇၀၃	ဏ-၇၇၁၈၀၃
သ-၇၀၀၃၅၂	ကခ-၅၀၀၉၃၉

ကျပ်(၂၅)သိန်း ဆုများ

ဘ-၆၉၀၅၄၁	ဖ-၇၁၁၅၃၅
က-၃၄၆၅၆၆	ကဂ-၂၁၁၆၁၅
ဆ-၅၉၄၁၀၄	ဃ-၉၇၂၅၃၁
တ-၈၃၀၆၃၀	ယ-၁၅၉၁၆၃
ဘ-၄၇၁၇၄၇	ကက-၈၂၆၃၈၆
ဘ-၈၀၀၃၄၃	ရ-၃၂၇၁၃၈

ကျပ်သိန်း၅၀ (မင်္ဂလာစုံတွဲ)

န-၃၁၈၇၆၄	ခ-၇၇၃၂၅၅
ဟ-၄၁၁၅၆၅	ဂ-၂၇၈၈၀၆
ဠ-၉၀၇၆၂၄	ဓ-၄၂၇၄၄၀
ဃ-၅၈၇၃၇၇	န-၃၂၈၅၆၅
ဠ-၁၀၂၂၄၇	သ-၅၆၇၆၇၈
ဝ-၅၂၅၄၇၃	ဃ-၂၈၂၃၀၁
ဗ-၂၇၀၄၈၅	ပ-၅၅၄၃၉၈
ဈ-၈၁၉၃၃၄	ကခ-၁၂၈၄၆၇
စ-၂၀၇၉၈၉	ဘ-၃၀၄၄၇၇
ဂ-၇၅၀၂၅၄	

(သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒလမြို့ရေပေးဝေရေးကြည့်ရှုစစ်ဆေး ရေဖြန့်ဖြူးမှုအဆင်ပြေစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးမှာကြား

ရန်ကုန် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ မြို့ရေပေးဝေရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညနေ ၅ နာရီတွင် ဒလမြို့သို့ ရေယာဉ်ဖြင့် ရောက်ရှိကြရာ ဒလမြို့ ဆိပ်ကမ်း၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရေပေးဝေရေးတင်ပြ

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဒလမြို့ ဗညားဒလ ရပ်ကွက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းရေး)၏ ဒလမြို့ ရေပေးဝေရေးစခန်းသို့ ရောက်ရှိကြရာ ရေပေးဝေရေးစခန်း၌ ဒလမြို့ ရေပေးဝေရေးအဖွဲ့ ဥက္ကဋ္ဌ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က ဒလမြို့ ရေပေးဝေရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရေသွယ်မည့်အစီအစဉ်ရှင်းလင်း

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဒလမြို့နယ်တွင်ရပ်ကွက် ၂၃ ရပ်ကွက်ရှိပြီး ယခု ရေပေးဝေနေမှုမှာ ရပ်ကွက် ၁၄ ရပ်ကွက်သို့ ရေတိုင်ပေါင်း ၁၂၁၈တိုင် ဖြင့် ရေပေးဝေလျက်ရှိကြောင်း၊ ရေပေးဝေမှုမှာ ဒလမြို့မှ ၉ ဒသမ ၈ မိုင်ဝေးသည့် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာ၌ ၁၂လက်မစက်ရေတွင်း ငါးတွင်းဖြင့် ရေကိုစုဆောင်းပြီး ပိုက်လိုင်းဖြင့် ဒလမြို့သို့ ပေးပို့နေကြောင်း၊ ဒလမြို့ ရေပေးဝေရေး စခန်းတွင် ဂါလန်တစ်သိန်းဆံ့ ရေကန်ကြီးတစ်ကန်၊ ဂါလန်နှစ်သောင်းဆံ့ အမြင့်ရေစင်တိုင်ကီတို့ဖြင့် ရေကို ဒလမြို့တွင်းရှိ ရပ်ကွက် ၁၄ ရပ်ကွက်သို့ ဖြန့်ဝေပေးနေကြောင်း၊ ရေပိုက်၊ ရေတိုင်များ ဆက်သွယ်ရန် ကျန်ရှိနေသေးသည့် ရပ်ကွက် ကိုးရပ်ကွက်သို့ ရေပိုက်၊ ရေတိုင်များ ဆက်လက် သွယ်တန်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒလမြို့ ရေပေးဝေရေးဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဒလမြို့ရေပေးဝေရာတွင် လက်ရှိရပ်ကွက် ၂၃ ရပ်ကွက်ကို ရေပေးဝေမှုစနစ်များ ရောက်ရှိအောင် ဆက်လက် ဆောင်ရွက်သွားကြရေး၊ ရေဖြန့်ဖြူးမှု အဆင်ပြေရန်အတွက် ဆက်နွယ်နေသော ဌာနများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို စနစ်တကျ အလေးထားဆောင်ရွက်သွားကြရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းရေး) ဒလမြို့ ရေပေးဝေရေးစခန်း စက်ရေတွင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက စက်ရေတွင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရေစုကန်နှင့်ရေစက်များ၊စက်ရေတွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေတင်၊ ရေပို့လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ ဒလမြို့ ရေပေးဝေရေးစခန်း စက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အထက (၂)လှိုင်(ယခင်ဒေါ်သာထက်ကျောင်း) ရွှေရတုသဘင်အခမ်းအနားနှင့်အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁

အစိုးရအထက်တန်းကျောင်း အမှတ်(၂)လှိုင် (ယခင် ဒေါ်သာထက်ကျောင်း)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားနှင့် ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက်နှင့် ၄ ရက်များတွင် အထက(၂) လှိုင်ကျောင်းတည်ရှိရာ လှိုင်မြို့နယ် သုခလမ်းအတွင်းရှိ ဦးချိုလမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ထားသည်။

ရပ်ဝေးရပ်နီးရှိ ယခင်ဒေါ်သာထက်ကျောင်းသားဟောင်းများ အထက(၂) လှိုင် ကျောင်းသားဟောင်းအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အာစရိယပူဇော်ပွဲတွင် ယခင်ဒေါ်သာထက်ကျောင်းမှ ဆရာကြီး ဆရာမကြီးများ၊ အထက(၂)လှိုင်မှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ အပါအဝင် ဆရာကြီး ဆရာမကြီးပေါင်း ၈၀ ကျော်ကို ပူဇော်ကန်တော့ကြမည်ဟု သိရသည်။

(က-ပ)

ဂုဏ်ထူးပြ ဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ရွှေပြည်သာမြို့ အမှတ်(၁၁)ရပ်ကွက်အနောက်အုတ်ကျင်းကျောင်းတိုက်ပဓာနနာယကဆရာတော် ဦးဓမ္မသာမိအား တပည့်ဒါယကာဒါယိကာမများ စုပေါင်း၍ ဂုဏ်ထူးပြ ဝိသိဋ္ဌပူဇာသဘင်ကို ဧပြီ၄ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

သားငါးပွဲ့ပြိုး ဖြည့်အကျိုး

တာလေ-မိုင်းပါလျိူး-နမ့်ကိုင်း-ကျိုင်းလပ်ခရီး

ချစ်နိုင် (စိတ်ပညာ)

မတ်လ၉ရက်နေ့မှာ ကျွန်တော်တို့အဖွဲ့သည် တာချီလိတ်မြို့မှ နံနက်၇နာရီ ထွက်ခွာခဲ့ကြသည်။ တာချီလိတ်-တာလေ ကားလမ်းသည် တောင်ကွေ့ တောင်ပတ်လမ်းမျိုး ဖြစ်သဖြင့် ဖြောင့်ဖြောင့်မတ်မတ် မဟုတ်သော်လည်း တော်တော်ကြီးကောင်းသည့် လမ်းဖြစ်သည်။ လမ်းညီသည်၊ လမ်းချောသည်၊ လမ်းကျယ်သည်။ တာချီလိတ်-မိုင်းဖြတ်လမ်းအတိုင်း မြောက်တည့်တည့်သို့ ထွက်ခဲ့ကြသည်။ မိုင်းဖြတ်သည် သုံးပွင့်ဆိုင်လမ်းဆုံဖြစ်သည်။ မိုင်းဖြတ်မှ တစ်ဆင့် အနောက်မြောက် ကျိုင်းတုံသို့သွားလျှင် မိုင်၅၀ခန့်၊ အရှေ့မြောက် မိုင်းယောင်းသို့ သွားပါကလည်း မိုင်၅၀ ခန့်၊ တောင်ဘက်တည့်တည့် တာချီလိတ်ဆီသို့ လာပါကလည်း မိုင် ၅၀ခန့်။

တာချီလိတ်မှ တာလေသို့ နာရီဝက်အတွင်း၌ ရောက်ရှိသည်။တာလေမြို့အနီးဖြတ်၍စီးသော နမ့်လင်းချောင်းသည် နွေရာသီမှာ ရေနည်းပြီး ရေကြည်သည်။ ကြည်လင်စွာ တသွင်သွင်စီးဆင်းနေသော ချောင်းရေသည် မိုင်းလင်းရွာ အထက်ရွာအောက်ရွာတို့ကို ရေအားလျှပ်စစ်မီးတွေ ထိန်ထိန်လင်းစေသည်။ ဒေသခံလူထု တစ်အိမ်ချင်းက ချောင်းရေထဲမှာ ရေစီးအားဖြင့် လည်စေသော ဒလက်ပန်ကာလေးများ ချထားခြင်းအားဖြင့် တစ်အိမ်စာမီးအလင်းကို ကိုယ်စီရရှိကြ၏။ ဘာမှ ကြီးကြီးကျယ်ကျယ်မရှိ၊ ခက်ခက်ခဲခဲ မဟုတ်။

ရိုးရိုးရှင်းရှင်း လွယ်လွယ်ကူကူဖြင့် လျှပ်စစ်မီး ရရှိနေကြခြင်းဖြစ်၏။ရေအားကို စနစ်တကျအသုံးချပုံ၊ လက်လီယူပြီး ဝေနေပုံဖြစ်၏။ လက်ကားဖြန့်သော လျှပ်စစ်ဓာတ်အားပေးစက်ရုံ အကြီးကြီးဆောက်မှ ရနိုင်မည်ထင်နေခဲ့သော မိမိအတွက် သင်ခန်းစာပေပ။

တာလေမြို့မှာ ဒုတိယဝန်ကြီးသည် မြို့နယ်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။ ပြန်ကြားရေးလုပ်ငန်းများ ပြည်သူလူထုအတွင်းမှာ ကျေးလက် တောရွာအထိ ကျယ်ကျယ်ပြန့်ပြန့် စိမ့်ဝင်ပျံ့နှံ့အောင် ဆွေးနွေးတိုင်ပင်ကြသည်။ မိုးလွန်မှထွန်ချ၍ အကျိုးမရ။ စစ်ရောက်မှ မြားချွန်နေ၍မဖြစ်။ ပြည်သူလူထု၏ အသွေးထဲ၊ အသားထဲမှာ ပြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ်တို့ ပြည့်ဝနေအောင် အစဉ်ထာဝရ မီဒီယာကအသိပညာပေး၊ သတင်းဖြန့်ဝေပေးနေရပေလိမ့်မည်။ အီလက်ထရွန်နစ် မီဒီယာ၏ လျင်မြန်သွက်လက်မှု၊ ပုံနှိပ်မီဒီယာ၏ တာရှည်ခံခိုင်မာမှု၊ ပြန်ကြားရေးဝန်ထမ်းများကိုယ်တိုင် ရင်းနှီးခင်မင်စွာဖြင့် ပုဂ္ဂိုလ်ခင်၍ တရားမင်အောင် ထိတွေ့ဆွဲဆောင်နိုင်မှုတို့ကို အားပြုတည်ဆောက်ကြရမည်။

သေးငယ်သော အစုအဝေးလေးများဖြင့် အဟုန်ကြီးမားသော စွမ်းအားကို ထုတ်လုပ်ကြရသည်။ ပြည်သူလူထုကြားသို့ဆင်းပြီး ကွင်းဆင်း ထိတွေ့ကြခြင်းသည် မျက်နှာချင်းဆိုင် ပြောဆိုဆွေးနွေးကြရသဖြင့် ရင်ဘတ်ချင်း ထိတွေ့မိကြသည်။ ပြည်သူများထဲမှ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူကို အစွမ်းကုန် အလုပ်အကျွေးပြုကြရမည်။

ယခုအခါ၌ နယ်စပ်ဒေသသို့သွားရောက်၍ ဝေးဝေးလံလံ တာဝန်ထမ်းဆောင်မည့်သူတွေကို သေသေချာချာ လူကောင်းလူတော်တွေရွေးချယ်သည်။ စနစ်တကျ လေ့ကျင့်ပေးသေးသည်။ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရန် လူကြီးများ ကိုယ်တိုင် စေ့စပ်စွာမှာကြားသည်။ ဌာနအကြီးအကဲအဆင့်ဆင့်က ဆုပေးဒဏ်ပေးစနစ်ဖြင့် ကြပ်မတ်သည်။ လိုအပ်ချက်များကို မျက်ခြည်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဌာနတစ်ခု သီးခြားထူထောင်ပြီး အသေးစိတ် စီမံပေးနေသည်။

တိုင်းရင်းသားအချင်းအချင်း ချစ်ခင်ရင်းနှီးပြီး စည်းလုံးမှုကို အားပြုစေခဲ့ပြီ။ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ယုံကြည်ပြီး လေးစားယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့ကြပြီ။ ညီအစ်ကိုမောင်နှမချင်း စည်းလုံးညီညွတ်မှုကို ထူထောင်နိုင်ကြပြီ။ အထင်သေးခြင်း၊ အထင်လွဲမှားခြင်း၊ ဘောပယောဂ သွေးခွဲသပ်လျှိုသည်ကို ယုံစားပြီး အချင်းချင်း မုန်းတီး၊ ကဲ့ရဲ့ခြင်းမျိုးတွေ ဝေးကွာခဲ့လေပြီ။ မေတ္တာနှင့်ဒေါသ၏ ခြားနားချက်ကို လက်တွေ့ခံစား နားလည်ခဲ့ကြပြီ။

ဒုတိယဝန်ကြီးက ဌာနဝန်ထမ်းအားလုံးနှင့် တွေ့ဆုံပွဲတိုင်းမှာ မိမိရောက်ရှိရာ ဒေသကို မွေးရပ်မြေဇာတိအဖြစ် သဘောထားပါဟု ပြောစမြဲ။

East or West

Home is the Best.

ဘယ်အရပ်ဒေသမှာပဲဖြစ်စေ

မိမိနေအိမ် ဇာတိသည်သာ အကောင်းမြတ်ဆုံးဖြစ်ချေသည်။

ပြည်ထောင်စု တစ်နံတစ်လျားသည် မိမိတို့၏ ဇာတိဖြစ်၏။ မွေးရပ်မြေ ဖြစ်၏။ နေအိမ်ပဲဖြစ်၏။ ကိုယ့်ရပ်ရွာဟု ခံစားနားလည်မိပါက မတော်မလျော်မပြုမိတော့ချေ။ စိတ်ထဲမှာ တာဝန်ကိုလေးစားသည်။ အလုပ်ထဲမှာ ပျော်ပိုက်မည်။ ထိုအခါ ဒေသခံတွေက ပိုမိုလှိုက်လှဲစွာ ကြိုဆိုကြလိမ့်မည်။ ပိုမိုကျစ်လျစ်စွာ ပူးပေါင်းပါဝင်ပြီး ချစ်ခင်စွာ ကူညီကြလိမ့်မည်။

နယ်စပ်အစွန်အဖျားသို့ ညံ့သူများကို ရွေးပြီး မပို့ရ။ အဆင့်မမီသူများကိုတာဝန်မပေးရ။ သေသေချာချာ စိစစ်ပြီး လူကောင်းလူတော်ဝန်ထမ်းများကိုသာ အလှည့်ကျ စေလွှတ်တာဝန်ပေးကြရသည်။ ထို့ကြောင့် တိုင်းရင်းသားဒေသများ၌ အေးချမ်းလုံခြုံမှုနှင့်အတူ အရှိန်အဟုန် ကောင်းသော ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ ရရှိလာကြ၏။ လုပ်ချင်ကိုင်ချင်စိတ်ရှိသူများက လုပ်တတ်ကိုင်တတ် ကိုင်တွယ်တတ်လျှင် လုပ်ငန်းများ ထိရောက်တွင်ကျယ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အဖွဲ့ ကျိုင်းလပ်သို့ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက် သူများနှင့်အတူ တွေ့ရစဉ်။

တာလေမှတစ်ဆင့် မိုင်းပါလျိူး၊ ကျိုင်းလပ်သို့ ဆက်လက် ထွက်ခွာကြသည်။ နံနက် ၉နာရီ ရှာစဉ်တွေ မပြတ်လှပေ။ မြေပြန့်သည်။ လယ်တွေရှိသည်။ အဝေးမှာတော့ တောင်ကြောပြာပြာတွေ ဝန်းရံနေသည်။ တောင်ကြောနှင့် တောင်ခြေ၌ သစ်တောဝါးတောတွေ ရှိလေသည်။ တာလေနှင့် မိုင်းပါလျိူးသည် နှစ်နာရီလောက် မောင်းရသည်။ မြေလမ်းဖြစ်သည်။ အတက်အဆင်း နည်းပါးသည်။

အနီးဝန်းကျင်မှာ ရိုးပြတ်တော လယ်ကွင်းပြင်တွေ၊ ရေကြည်ကြည်ချောင်းလေးတွေဖြတ်ရ၏။ အဝေးဝန်းကျင်မှာ တောမီးလောင်နေသော တောညိုညိုတွေ။ တောမီးကြောင့် ပြာရီရီ မီးခိုးနှင့် မြူတွေဝေဝေ။

အနီးနေရာအချို့၌ နွေစပါး မြစိမ်းရောင်။ မိုင်းဆတ်-မိုင်းတုံ-ပုံပါကျင်ခရီးနှင့် မိုင်းဆတ်-မိုင်းခုတ် အသွားအပြန်ခရီးမှာ ကားမောင်းသူ လားဟူတိုင်းရင်းသားလေး ကိုရာရှင်းက အဆိုတော်ရတနာဦးသီဆိုသော ပင်လယ်ကမ်းခြေဘွဲ့သီချင်းများကို ဟိုဘက် ဒီဘက် အပြန်အလှန်လှည့်ကာ အဆက်မပြတ်ဖွင့်ခဲ့သည်။**"ယိုလေ့လေ့ယီးလေးယို၊ အဏ္ဏဝါဆိပ်ကမ်းပြင်ဝယ်"**...အစရှိသောတေးများ နားထောင်ခဲ့ရ၏။

တာချီလိတ်၊တာလေ၊နမ့်ကိုင်း၊ ဝမ်ပုံ၊ ဝမ်လုံ၊ ဝမ်နပ်၊ ဝမ်ကျင်း၊ ကျိုင်းလပ်၊ မိုင်းပါလျိူး တောလမ်းခရီးတွင်ကားအဆိုတော်ပိုးအိစံသီဆိုသည့် အရိန္ဒမာသိပါသည် ပုဂံခေတ်ကျန်စစ်သားမင်း၏ အချစ်ဘွဲ့ကို ထပ်ကာထပ်ကာ ဖွင့်နေပါတော့သည်။ ပျူတေးသံ နောက်ခံသီချင်း။ ရှမ်းပြည်နယ် အရှေ့ဖျား အစွန်ဆုံးလယ်ကွင်းထဲမှာ မောင်းနှင်နေသော ကားတစ်စီးပေါ်၌ အဆိုတော် ပိုးအိစံ၏ မြန်မာသံ၊ မြန်မာဟန်သီချင်းသံ လွင့်ပျံ့နေခြင်းကို ကျွန်တော်တို့ နှစ်သက်ကြည်နူးသည်။

မိုင်းပါလျိူး၊ နမ့်ကိုင်းကျေးရွာရှိ ထပ်ဆင့်လွှင့်စက်ရုံကိုဝင်ပြီး ကြည့်ရှုကြသည်။ ရွာသူရွာသားများက လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က တပ်စုမှူး၊ တပ်ခွဲမှူး အဖြစ် ဤဒေသ၌ နေထိုင်သွားခဲ့သော ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းကို အဝေးတစ်နေရာမှ ဆွေမျိုးရင်းချာ တစ်ဦးအိမ်သို့ ပြန်ရောက်လာဘိသကဲ့သို့ ဖက်လှဲတကင်း ဝိုင်းအုံကြိုဆိုကြလေသည်။ သူ့ကို အလွန်ချစ်ခင် ရင်းနှီးကြသည်။

ဗိုလ်ချုပ်နှင့် ရွာသူရွာသားတွေ ရှမ်းလိုရော၊ ဗမာလိုရော ပြောဆိုကြသည်။ ဦးကြီး၊ဦးလေးတစ်ဦးဇာတိရွာကို ပြန်လာသလို ဝိုင်းဝိုင်းလည် နှုတ်ဆက်စကား ပြောနေကြ၏။ ဤဒေသ မိုင်းပါလျိူး၊ကျိုင်းလပ်ထဲ၌ နဂါးနှစ်ကောင်ဆရာတော်ကရေသွယ်မြောင်းတစ်ခုတည်ဆောက်ပေးနေသည်။ လယ်ဧကစ၀ကျော် ရာသီမရွေး ရေရစေမည်။ တောသူတောင်သားတွေ ရိုးသားကြသည်။ ဆင်းရဲကြသည်ဆိုပြီး နဂါးနှစ်ကောင်ဆရာတော်က စက်တွေ၊ ဆီတွေပေးပြီး ကျွမ်းကျင်သော အင်ဂျင်နီယာတို့ အကူအညီဖြင့် တိုင်းတာဆောင်ရွက်စေခြင်းဖြစ်လေသည်။ စေတနာကြီးမားပါသော ဆရာတော်ကြီးပါပေ။

ဒေသခံလူထု၏ လူနေမှုဘဝကို ယခုထက် အဆပေါင်းများစွာ မြှင့်တင်ထူထောင်ကြရပါဦးမည်။ ဆရာတော်သံဃာတော်ကြီးများ၏ မေတ္တာစေတနာနှင့် ဘုန်းသမ္ဘာလည်း ပါဝင်သဖြင့် အချိန်ကာလတိုအတွင်း ထူးခြားဖွံ့ဖြိုးလာမည်ဟု ယုံကြည်သည်။

ကျေးရွာများ၊ နယ်စပ်ဒေသများ၊ တောင်ပေါ်တိုင်းရင်းသားများအထိ မြို့ပြလူထုနှင့် မကွာမခြား ကြီးပွားတိုးတက်စေလိုသော နိုင်ငံတော်အကြီးအကဲ၏ ဖြူစင်မွန်မြတ်သော စေတနာကို အလေးပြုမိသည်။ အမြော်အမြင်ကြီးမားသော မူဝါဒ၏ လက်တွေ့ မှန်ကန်ထိရောက်မှုကို ပြည်သူကြားမှာ စိမ့်ဝင်လေလေ နားလည် သိရှိလေလေ ဖြစ်ရပေသည်။

ဒေသခံလူထုက မိမိတို့ပြန်ကြားရေးအဖွဲ့ကို လှိုက်လှဲဝမ်းသာနွေးထွေးစွာကြိုဆိုကြပုံမှာ မျက်ရည်ဝိုင်း လောက်ပါ၏။ ရပ်သူ ရွာသားများနှင့် ဆရာဝန်၊ ကျောင်းဆရာ၊ ရဲတပ်ဖွဲ့ဝင်စသော ဌာန ဝန်ထမ်းများ စည်းလုံးညီညွတ်ကြပုံကလည်း အားရစရာ။ မိမိတို့ လာရကျိုးနပ်ပေစွ။

နယ်စပ်ဒေသများအတွက်နိုင်ငံတော်၏စေတနာအပြည့်ဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းနှင့်အတူ နယ်စပ်ဒေသနေ ပြည်သူတို့၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများ လှုပ်ရှားရှင်သန် တိုးတက်လျက်ရှိနေကြပုံအား ကိုယ်တိုင် တွေ့မြင်ခဲ့ရသည်များကို စမြို့ပြန်ကြည်နူးနေမိပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အဖွဲ့ နမ့်ကိုင်းရွာသို့ ရောက်ရှိစဉ်။

ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးညှိနှိုင်း

ရန်ကုန် ဧပြီ ၁

၁၃၆၅ခုနှစ် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ၁၃၆၅ခုနှစ် ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်၍ အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ ၁၃၆၅ခုနှစ် ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

မြို့တော်ဝန်က အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့် အညီ ရိုးရာမပျက်ဆက်လက်ကျင်းပရန်၊ ပြည်သူများစိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့၏တစ်နှစ်ပတ်လုံး ပင်ပန်းနွမ်းနယ်မှုကို အတာရေပက်ဖျန်းလန်းဆန်းစေပြီး နိုင်ငံတော်၏တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာမှု မြန်မာ့ဟန် မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် ဆန့်ကျင်သည့်အပြော၊ အဆို၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှုများနှင့် ရေကစားခြင်းမပြုလုပ်စေရန် ထိန်းသိမ်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကို ပေါ်လွင်စေမည့် အလှ၊ အက၊ သဘာဝပြိုင်ပွဲဝင်ယာဉ်များ၊ ယိမ်းအဖွဲ့များ၊ ဆုပေးမဏ္ဍပ်များဖြင့် စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ကြရန်မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ ရဲတပ်ရင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ဦးစီးအရာရှိများလိုက်ပါလျက် မတ် ၃၁ ရက် နံနက်ပိုင်းတွင် လှော်ကားအမှတ်(၁) ရဲတပ်ရင်းတွင် ဖွင့်လှစ်ထားသော ရုံးအမှုလိုက်သင်တန်းအမှတ်စဉ်(၃)သို့ သွားရောက်၍ သင်ကြားပို့ချမှုအခြေအနေ၊ သင်တန်းသားများစားသောက်ဆောင်၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှု စားဖိုဆောင်နှင့် အိပ်ဆောင်များကို စစ်ဆေးကြည့်ရှုပြီး သင်တန်းအတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ရဲချုပ်နှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် လှော်ကားမှ မှော်ဘီမြို့နယ် ရွှေမြယာရှိ အမှတ်(၃) ရဲတပ်ရင်းသို့ရောက်ရှိ၍ ဗဟိုကင်း လက်နက်တိုက်များကို စစ်ဆေးမှာကြားသည်။

ရဲချုပ်သည် တပ်ရင်းအတွင်း တည်ဆောက်ပြုပြင်နေသောမီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်မှုအားစစ်ဆေးပြီးလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁

မင်းဘူးမြို့ နမ္မဒါဂေါက်ကွင်းတွင် ဖေဖော်ဝါရီ ၂ရက်နံနက် ၈နာရီက ကစားဖော်များဖြစ်ကြသော ဒေါက်တာဦးကျော်ညွန့်(ကလေးသမားတော်ကြီး၊ ငြိမ်း၊ရန်ကုန်)၊ ဦးမျိုးသန့် (မန်းရေနံလုံခြုံရေးအရာရှိ)၊ ဦးထွန်းရှင်(မင်းလှ)၊ ဦးတင်အောင် (တိုင်းဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌ၊ မကွေးတိုင်း)တို့နှင့်အတူ ကစားစဉ်ကျင်းအမှတ်(၃) ကိုက်၁၆၀အား Cobra-Wood ('၉)ဖြင့် Srixon(၃) ဘောလုံးအား ဦးတင်အောင် မကွေးတိုင်းဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌက ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။ **(က-ပ)**

စာပေအနုပညာပြပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၁

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာ ပြိုင်ပွဲပြပွဲကျင်းပရေးကော်မတီက (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၀ကျော်စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကိုပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၁

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ချောင်းဖျားကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ဖွင့်ပွဲနှင့် နယ်လှည့် စာကြည့်တိုက် ဖွင့်ပွဲတို့ကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျေးရွာဆေးပေးခန်း၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်မြစီနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟန်သိန်းတို့က အမှာစကားပြောကြားပြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်ရက်များတွင် စက်သုံးဆီဆိုင်များဖွင့်မည်

ရန်ကုန် ဧပြီ ၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များအတွင်း ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများလျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့်(Taxi)အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများလျော့နည်း ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှုမရှိသေးကြောင်းတွေ့ရှိပါသဖြင့် ယာဉ်တိုက်မှု မဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့် ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use.

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
၁၇:၅၀ ၉။ Discovery
၁၈:၁၅ ၁၀။ ရွှေတိဂုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား (၅-၄-၁၉၉၉)
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၁၂)
၁၉:၄၅ ၁၄။ စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မှာ
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"အမြင့်ချင်ဆုံးအရာ" အပိုင်း(၂)** လူမင်း၊ မျိုးသန္တာထွန်း (ဒါရိုက်တာ-သန်းဖေလေး)

လေပြင်းတိုက်ခတ်မည်

ရန်ကုန် ဧပြီ ၁

ဧပြီလဆန်းမှစ၍ အနောက်တောင် မုတ်သုံလေ မဝင်ရောက်မီကာလအထိ မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် မွန်းလွဲ၊ ညနေပိုင်းနှင့် ညပိုင်းတို့၌ တစ်ခါတစ်ရံ နေရာကွက်၍ မိုးထစ်ချုန်းရွာပြီး မိုးသက်လေပြင်းများ ကျရောက်နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်။ တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကယနေ့ထုတ်ပြန်သည်။

ကုန်သည်/စက်မှုအသင်းချုပ်စည်းဝေးမည်

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေးရှားရောက်စေတနာရှင်များ နှစ်သစ်ကူးဒါနဆေးနှင့်ပစ္စည်းလှူဒါန်း

ရန်ကုန် ဧပြီ ၁

မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်ဦးစီး၍ သံရုံးအရာထမ်း၊ အမှုထမ်းများနှင့် အခြားမြန်မာအလှူရှင်များက ဧပြီလအတွင်း ကျရောက်မည့်မြန်မာနှစ်သစ်ကူး အခါသမယတွင် မြန်မာနိုင်ငံရှိ ဓိဝိတဒါနသံဃာ့ဆေးရုံများအတွက် လှူဒါန်းမည့်ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ လက်ခံသည့်အခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး သံအမတ်ကြီး၏ ရုံးခန်း၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ မလေးရှားနိုင်ငံရှိ မြန်မာလူမှုရေးအသင်း၊ မလေးရှားနိုင်ငံရောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာဆရာဝန်များနှင့် မြန်မာကုမ္ပဏီများမှတာဝန်ရှိသူတို့တက်ရောက်ကြပြီး ဆေးနှင့်ဆေးရုံသုံးပစ္စည်းများကို သံအမတ်ကြီး ဦးလှမောင်ထံ သဒ္ဓါတရားထက်သန်စွာဖြင့် ပေးအပ်လှူဒါန်းကြသည်။

ယင်းအခမ်းအနားတွင်သံအမတ်ကြီးဦးလှမောင်က ဆုတောင်းစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

ကျောက်တန်းမြို့နယ် အားကစားခန်းမအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ပန္နက်တိုင်စိုက်ထူပေး

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက်၉နာရီ၄၅မိနစ်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အားကစားခန်းမအဆောက်အအုံသစ်ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ မင်္ဂလာအချိန်တွင် ဝန်ကြီးနှင့် တာဝန်ရှိသူများက ပန္နက်တိုင်စိုက်ထူပေးပြီး **(အောက်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းကာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဝန်ကြီးက ရွှေမိုး ငွေမိုး ရွာသွန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ရှင်းလင်းဆောင်၌ A.C.E ဆောက်လုပ်ရေး ကုမ္ပဏီ ဥက္ကဋ္ဌ ဦးတင့်ဆန်းက ကျောက်တန်းမြို့နယ် အားကစား ခန်းမ တည်ဆောက်မည့် ပုံစံဇယားများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်တန်းမြို့နယ် အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားဖြည့်ဆည်းကာ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ၁နာရီတွင် အမျိုးသား အားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ၂၀၀၄ ခုနှစ် ဧပြီ၅ရက်မှ ၁၁ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့်အသက်၁၄နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်ခေါင်းဆောင်သော အုပ်ချုပ်သူနည်းပြ ဆရာ၊ ဆေးမှူးနှင့် အားကစားသမား စုစုပေါင်းအဖွဲ့ဝင်၂၂ဦးပါဝင်သည့် မြန်မာဘောလုံး အားကစားအဖွဲ့နှင့်၂၀၀၄ ခုနှစ် ဧပြီ၅ရက်မှ ၁၂ရက်အထိ ကာဇက်စတန်နိုင်ငံ အယ်မာတီမြို့၌ ကျင်းပမည့် အေသင်ကမ္ဘာ့လက်ရည်စစ်ပြိုင်ပွဲဖြစ်သည့် (၁၇)ကြိမ်မြောက် အာရှအမျိုးသမီး အလေးမတံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ဆွေ ခေါင်းဆောင်သည့် အုပ်ချုပ်သူနည်းပြနှင့် အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင် ခြောက်ဦးပါဝင်သော မြန်မာအလေးမ အားကစား အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးအား မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ပြိုင်ပွဲအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တေဇခန်းမတွင်ကျင်းပရာ ကမာရွတ်မြို့နယ်မှ တာဝန်ရှိသူများ၊ မိဘဆရာ အသင်းနှင့် ကျောင်း အကျိုးတော်ဆောင် အဖွဲ့ နာယကများနှင့် အမှုဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းသားကျောင်းသူများက နိုင်ငံတော်သီချင်းဖြင့် သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆင့်က အမှာစကားပြောကြားပြီးအခြေခံပညာ မူလတန်း၊အလယ်တန်း၊အထက်တန်း ကျောင်းသား ကျောင်းသူများအား ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်များကိုပေးအပ်ချီးမြှင့်သည်။ **(က-ပ)**

မတ် ၂၂ ရက်က သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေစင်၊ ရွှေပြား ကပ်လှူပူဇော်နိုင်ရန်အတွက် နှစ်ကျိပ်ရှစ်ဆူ အသင်းဥက္ကဋ္ဌဒေါ်မြင့်မြင့်ခင်နှင့် အတွင်းရေးမှူးဦးထိန်လင်းတို့က အလှူငွေကျပ်ခုနစ်သိန်းကိုဂေါပကအဖွဲ့ဥက္ကဋ္ဌသီဟသုဓမ္မမဏိဇောတဓရဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မုံလယ်တောရ ဓမ္မရိပ်သာ သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၁

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရသည် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၂ရက်မှစ၍ သင်္ကြန်ရက်များတွင် ခုနစ်ရက်တိုင်တိုင် ဝိပဿနာတရားများ ဟောကြားမည်ဖြစ်ရာ စခန်းဝင် လိုသူယောဂီများသည် ပဲခူးတိုင်း အင်းတကော် ဆယ်မိုင်ကုန်း၊ မုံလယ် တောရဓမ္မရိပ်သာသို့ ဧပြီ ၁၁ရက်ညနေ ၃နာရီအရောက် လာရောက်ကြရန်နှင့် ဧပြီ ၁၉ရက် နံနက်တွင် ရေစက်ချ စခန်းသိမ်းမည်ဖြစ်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂-၄-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ မြန်မာသင်္ကြန်
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၄။ မြန်မာသင်္ကြန်
- ၄း၃၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Sampling Distribution (စီးပွားရေး၊ စီးပွားစီမံ)
- ၅း၃၀ ၉။ ပညာခေတ်
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၄)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်၊ မေတ္တာတရား"**(အပိုင်း-၃)

ပေါ့ပေါ့ပါးပါးပြုံးဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

သင်္ကြန်ဝေးဝေး ဇာတ်ကားရုံသုံးရုံအပြိုင်ဝင်လာ ပြသဆဲဇာတ်ကားများ ဆက်လက်အောင်ပွဲခံလျက်ရှိ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၁

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် ဒါရိုက်တာညွှန့် မြန်မာညီညီအောင် ရိုက်ကူးပြီး လွင်မိုး၊ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သော သင်္ကြန်ဝေးဝေးဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတွင် အပြိုင်ရုံဝင်လာသည်။

၎င်းဇာတ်ကားတွင် ပတ်ဝန်းကျင်နှင့် သီးသီးခြားခြားနေထိုင်ခဲ့ပြီး ထူးမောင် တစ်ဦးတည်းကိုသာ အားကိုးတွယ်တာသံယောဇဉ်ထားကာ အထီးကျန်ဖြစ်ခဲ့ ရသော နှလုံးရောဂါဝေဒနာရှင်မလေး သင်္ကြန်ဖြူ(အိန္ဒြာကျော်ဇင်)

သင်္ကြန်ဖြူအား အရေးတယူဖြင့်ကျောင်းနေစအရွယ်မှ အထက်တန်းအောင်ပြီးသည့်အထိ အနီးကပ် အချိန်ပြည့် ဖေးမရင်းချစ်ခွင့်ပန်မည့် အချိန်တွင် သူမ၏ ရောဂါအခြေအနေကို သိရ၍ ခံစားမှုမျိုသိပ်ရင်း သူမ၏ ဘဝအတွင်းသို့ အချစ် ဆိုသည့်အရာ ဝင်မလာနိုင်အောင် ပိတ်ဆို့တားဆီးကာ သူမမွေးနေ့ဖြစ်သည့် သင်္ကြန်အကျနေ့ရောက်တိုင်း ပိတောက်ပန်းများနှင့်အတူ ယုန်ရုပ်ဖြူဖြူလေး ပေးတတ်သည့် အချစ်သူရဲကောင်း ထူးမောင်(လွင်မိုး)မမျှော်လင့်ဘဲ သင်္ကြန်ဖြူ၏ နှလုံးသားနေရာလပ် တစ်ခုကို ရုတ်တရက်ဝင် ရောက်နေရာယူလိုက်သည့် ခိုင်မြဲ(ခန့်စည်သူ) သူတို့သုံးဦး၏ အချစ်အားပြိုင်ပွဲတွင် ကံကြမ္မာ၏ အလှည့်အပြောင်းကြောင့် ထူးမောင်၏ ပိတောက်ပန်းနှင့်အတူ ယုန်ရုပ်ဖြူဖြူလေး သင်္ကြန်ဖြူ၏အနားတွင် ထာဝရနေရာ ပေးနိုင်မည်လား၊ ခိုင်မြဲ တစ်ယောက် သင်္ကြန်ဖြူ၏မေတ္တာကို မြဲမြဲစွာ ရယူပိုင်ဆိုင်နိုင်မည်လားဆိုသည်ကို ပရိသတ်ကြီးဆက်လက်ရှုစားစေလိုသည်၊

ပြည်သူများ အလုပ်တာဝန်များဖြင့် တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများကို စိတ်လက်ပေါ့ပါးသွက်လက်စေရမည့် ပေါ့ပေါ့ပါးပါးပြုံး ဇာတ်ကား နဝဒေး၊ ရွှေ့ဆောင်နှင့် နေပြည်တော်ရုံတို့တွင် တင်ဆက်ထားသည်။

ရွှေဂုန်အဆင့်မြင့်ရုံတွင် မင်းသိခ်၏ ဝတ္ထုကို ဒါရိုက်တာခင်စောမျိုး ရိုက်ကူးပြီး ညွှန့်ဝင်း၊ ကျော်သူ၊ လွင်မိုး၊ မေသန်းနု၊ မြင့်မြင့်ခိုင်၊ခင်စိုးပိုင်၊ စိုးမိုးကြည် တို့ အားဖြည့်ပါဝင်ထားသည့် **'မောင်မင်းကြီးသား မောင်မြဖေ'** အဆင့်မြင့် ဗီဒီယိုဇာတ်ကားကြီး ပြသလျက်ရှိသည်။

ဒါရိုက်တာ Ramesh Sharma က မင်းသားအက်ဖ်တပ်ဖ်၊ Syed Zulfi နှင့်သမီး ဆာရက်ဇူလဖီတို့၏ သရုပ်ဆောင်ချက်များကို ပီပြင်စွာ ရိုက်ကူးထားသည့် အိန္ဒိယရုပ်ရှင်လောကတွင် အကယ်ဒမီဆုရရှိခဲ့သော Pyaasa အချစ်အက်ရှင်ဇာတ်ကားတန်းမြင့် မြို့မရုံတွင် ပြသလျက်ရှိသည်။ **(မြန်မာ့အလင်း)**

လွင်မိုး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသည့် သင်္ကြန်ဝေးဝေး ဇာတ်ကား။

ကောင်းမှကောင်း ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ရန်အောင်။



ဒါရိုက်တာ မောင်မောင်စိုး ရိုက်ကူးတင်ဆက်ပြီးရာဇာနေဝင်းနှင့် ရန်အောင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် ကောင်းမှ ကောင်း ဇာတ်ကား နဝဒေးရုံတွင် ဧပြီ ၁၇ ရက်၌ တင်ဆက်ပြသမည်ဖြစ်သည်။

❀ *ကျောဖုံးမှ*

ရိုးရာဓလေ့စရိုက်နှင့် ပြည့်စုံသော၊ ကောင်းသော အမွေခံကောင်းများကို လက်ဆင့်ကမ်းပေးစေခဲ့သော နိုင်ငံဖြစ်၏။

ထိုထိုသော အစဉ်အလာကောင်းများနှင့် ပြည့်စုံသော မိမိတို့နိုင်ငံတွင် မြတ်နိုးဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ ရိုးရာယဉ်ကျေးဓလေ့စရိုက်ပွဲတော်များသည် ရှေးအစဉ်အဆက် အစဉ်အလာမပျက် ရာသီအလိုက် ကျင်းပခဲ့၏။ ထိုကျင်းပခဲ့သောပွဲတော်များတွင် မဟာသင်္ကြန်ပွဲတော်သည် အထင်အရှားဖြစ်၏။

ရှေးရှေးက မဟာသင်္ကြန်ပွဲတော်တွင် တစ်ဦးနှင့်တစ်ဦးသပြေခက်နှင့် ရေပက်ခဲ့ကြ၏။ ညင်သာပျူငှာစွာဖြင့် ခွင့်တောင်း၍ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ခဲ့ကြ၏။ ကာလရွေ့လျော၍ တိုးတက်ပြောင်းလဲလာသောအခါတွင်မူ ရေခွက်၊ ရေပိုက်များနှင့် ရေကစားလာခဲ့ကြ၏။ရေပက်ခံသူများကလည်း အလှပြယာဉ်၊ ကိုယ်ပိုင်ယာဉ်များနှင့်သာမက အသွင်သဏ္ဍာန်မျိုးစုံဖြင့် ရေပက်ကစားခဲ့ကြ၏။ ယခုအခါ အနောက်တိုင်း ယဉ်ကျေးမှုများ ရောထွေးလာခဲ့သည်ကို တွေ့မြင်လာရ၏။

ယင်းသို့သော မလျော်ကန်သည့် အပြုအမူများ၊ ဓလေ့စရိုက်များကို ရှောင်ရှားပြီး သိမ်မွေ့သန့်စင်မွန်မြတ်သည့်ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အညီ ပျော်ရွှင်စွာ ရေပက်ကစားနိုင်စေရန်လိုအပ်လာ၏။ ထို့ကြောင့် ၁၃၆၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယဉ်ကျေးမှု ထိန်းသိမ်းလိုက်နာပြီး စည်းကမ်းရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန် မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်အား မြန်မာ့အလင်း သတင်းဆောင်းပါးရေးသားရေးအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ဗိုလ်မှူးကြီးခင်ဗျား၊ ၁၃၆၅ ခုနှစ် မဟာသင်္ကြန်ပွဲတော် ကာလ အတွင်း ရေပက်ခံ ယာဉ် များ၊ ရေပက်ခံ မဏ္ဍပ်များနှင့် ဖျော်ဖြေရေးစင်မြင့်များပေါ်မှာ ဆင်နွှဲကြတဲ့အခါမှာ လိုက်နာရမယ့် စည်းကမ်းတွေကို သိလိုပါတယ်။ ဒီအထဲမှာ သင်္ကြန်ပွဲတော် နွှဲပျော်မယ့်သူတွေရဲ့ ဝတ်စားဆင်ယင်မှု စည်းကမ်းကို သိပါရစေ။

ဖြေ။ ။အမျိုးသမီးငယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သည့် ကြိုးတစ်ချောင်းဘော်လီများ ဝတ်ဆင်ခြင်း၊ ချက်ပေါ်အင်္ကျီ၊ ပခုံးစလွယ်သိုင်းအင်္ကျီ၊ အတွင်းသားများကို ထင်ရှားစွာ ပေါ်လွင်စေသည့် အပေါက်များဖောက်ထားသည့် အင်္ကျီ၊ ကျပ်တည်းသော ဘောင်းဘီ၊ တိုလွန်းသော ဘောင်းဘီ၊ ချက်ပေါ်ပြီး အတွင်းခံ ဘောင်းဘီများ ပေါ်လွင်စေမည့် ဘောင်းဘီ၊ တိုလွန်းသောစကတ်၊ အရှေ့၊ အနောက်နှင့် ဘေးဘက်များတွင် အတွင်းသားများ ထင်ရှားအောင် ခွဲထားသည့် စကတ်များနှင့် ရေစိုသည့်အခါ ပါးလွှာလွန်းသည့် အဖြူရောင် ဝတ်စုံများ၊ ရေပက်သည့်အခါ အလွယ်တကူ ကွဲထွက်နိုင်သော အဝတ်အစားများ၊ အမျိုးသားများ အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများနှင့် နိုင်ငံခြားအလံ၊ နိုင်ငံခြားတံဆိပ်၊ အမှတ်အသားများ ပါဝင်သော အဝတ်အစားများ ဝတ်စားဆင်ယင်မှုများ မပြုရန် ဖြစ်ပါတယ်။

မေး။ ။သင်္ကြန်ပွဲတော် နွှဲပျော်သူများရဲ့ လိုက်နာရမယ့် ကိုယ်နေဟန်မူရာအနေအထားကိုလဲ သိပါရစေ။

ဖြေ။ ။ဖျော်ဖြေတင်ဆက်တဲ့အခါ များတွင် သာမန်လှုပ်ရှားရမည့် ခန္ဓာ ကိုယ်အနေအထားထက် ပိုမို၍လှုပ်ရှား တီထွင်ပြခြင်း၊ အများပြည်သူဘက်သို့ ကော့လန်ထိုး၍

သရုပ်ဆောင်ခြင်း၊ မောင်ရင်းနမ ကြည့်ရှု၍ အမြင် မတော်သည့် လှုပ်ရှားမှုများ၊ အမြင် မသင့်လျော်သည့် သရုပ်ဆောင် ပြသခြင်းများမပြုရန် ဖြစ်ပါတယ်။

မေး။ ။ သင်္ကြန်ပွဲတော်မှာ သီဆိုဖျော် ဖြေမည့်သူများ လိုက်နာရမယ့် တေးသီချင်းစာသားများနဲ့ အဓိပ္ပာယ်ကို သိပါရစေ။

ဖြေ။ ။တေးသီချင်းများ သီဆိုဖျော်ဖြေရာတွင်လဲ နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သီဆိုလှုပ်ရှားဆောင်ရွက်မှုများ၊ နိုင်ငံတော်၏ မူဝါဒများကိုဖြစ်စေ၊ နိုင်ငံတော်၏ အဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းများကိုဖြစ်စေ၊ အပြုသဘော မဟုတ်ဘဲ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့် အချက်များ၊ ဘာသာရေး၊ လူမျိုးရေးနှင့် စပ်လျဉ်း၍ စိတ်ဝမ်းကွဲပြားစေမည့် လှုံ့ဆော်စေသည့် တေးသီချင်းများ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် နယ်မြေအေးချမ်းသာယာရေးကိုထိခိုက်စေမည့်တေးဂီတသီချင်းနှင့် ညစ်ညမ်းသော စာသားများ ပါရှိသည့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းမပြုရန် ဖြစ်ပါတယ်။

၁၃၆၅ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရေပက်ခံကပြဖျော်ဖြေကြမည့်သူများ လိုက်နာရမည့် စည်းကမ်းများသည် နိုင်ငံနှင့် လူမျိုး၏ ဓလေ့စရိုက်နှင့် ဆီလျော်ကိုက်ညီသည့် စည်းကမ်းများပင်ဖြစ်သည်။ သတ်မှတ်ထားသော စည်းကမ်းများ ထိန်းသိမ်းလိုက်နာ၍ ဖျော်ဖြေတင်ဆက်ကြခြင်းဖြင့်နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ ပျော်ရွှင်စွာ ရေ ကစားခြင်းဖြင့် သိမ်မွေ့သန့်စင်မွန်မြတ်သည့် အစဉ်အလာပွဲတော်ကြီးကို ထိန်း [illegible] ဖြစ်သည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်ဖို့ လိုပါတယ်။"

(ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန်တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မြန်မာ့မှုမြန်မာ့ဟန်ပေါ်လွင်စေမည့်မြန်မာ့ရိုးရာသင်္ကြန်

သတင်းဆောင်းပါး-ဝင်းရွှေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

အကြိုအကဲဖြတ် အဖွဲ့ဝင် သဘင်ပညာရှင်များအစည်းအရုံးမှ ဦးစိန်လှမြိုင်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ဆုပေး မဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အိုးစည်၊ ဒိုးပတ်၊ ယိမ်းအကပြိုင်ပွဲများ၏ အကြိုအကဲဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မအူကုန်းအားကစား စခန်းဝင်းသင်တန်းခန်းမ၌ ကျင်းပသည်။

အကြိုအကဲဖြတ်ပြိုင်ပွဲ ပထမနေ့တွင် အိုးစည်နှင့် ဒိုးပတ်ပြိုင်ပွဲများ ကျင်းပရာ အထက(၁) စမ်းချောင်းမှ ရွှေသရဖူမောင်အဖွဲ့၊ မြို့တော် စည်ပင်လမ်း/တံတားဌာနမှ လမ်းတံတားမောင် အဖွဲ့၊ သံဈေးမိသားစုမှ တောသားကြီးအဖွဲ့နှင့် မြို့တော်စည်ပင် ရေနှင့် သန့်ရှင်းမှုဌာနမှ ရေသန့်မောင်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကျင်းပပုံနှင့် စပ်လျဉ်း၍ သိရှိနိုင်ရန် မြန်မာ့အလင်း သတင်းဆောင်းပါးအဖွဲ့က အကြိုအကဲဖြတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးစိန်လှမြိုင် ထံသွားရောက်တွေ့ဆုံမေးမြန်း ခဲ့သည်။

"ပန်းရိုးရာပညာရှင်များအနေဖြင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနဲ့ အရောင်အသွေး၊ ဂီတပညာရှင်များက သီချင်းစာသားနဲ့တီးချက်၊ သဘင်ကတော့ သီချင်းစာသားရော၊ အကရော၊ အဆိုရော၊ အတီးရော အကဲဖြတ်ပေးရပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်တွင် ပါဝင်ယှဉ်ပြိုင်မည့် အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ လမ်းတံတားမောင် အိုးစည်အဖွဲ့က ဤသို့ ပါဝင်ဆင်နွှဲကြမည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

အကဲဖြတ်အဖွဲ့ဟာ အလှပြယာဉ်၊ အလှသဘာဝအကတွေနဲ့ ပတ်သက်လို့ အဆို၊ အတီး၊ တေးစာသား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယာဉ်ပြင်ဆင်မှု၊ ပန်းချီပညာ၊ အင်ဂျင်နီယာပညာ အဲဒါတွေအားလုံးကို အကဲဖြတ်ပေးရပါတယ်။

ပြိုင်ပွဲဟာ မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက် ရအောင်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်အောင်၊ မျိုးဆက်သစ်တွေ မြန်မာ့အနုပညာဖြစ်တဲ့ အဆို၊ အက၊အရေး၊အတီးစတဲ့အချက်တွေကို မျိုးဆက် အမွေခံလို့ရအောင်ဆိုပြီး ပညာပေးတဲ့သဘောလဲ ပါတယ်။

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့အနေနဲ့ နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများကလဲ တိုင်းရင်းသားဝတ်စုံများဖြင့် ဝင်ရောက် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပြိုင်ပွဲ မဝင်ခင် တစ်လခွဲ လေ့ကျင့်ရတယ်။ စိတ်ကူးချင်းမတူတာကို စိတ်ကူးခြင်းတူတဲ့ အသွင်သဏ္ဍာန် အလှအပနဲ့ ပြိုင်ပွဲဝင်နိုင်တဲ့ အခြေအနေရောက်အောင် အဆို၊ အက၊ အတီးတွေကို ရွေးပြီးတင်ပေးရတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မြို့တော်ဝန် မဟာသင်္ကြန်သည် ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ယဉ်ကျေးမှုပြန့်ပွားရေး၊ ယဉ်ကျေးမှုအမွေပေးရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲ များကိုနှစ်စဉ်ကျင်းပခဲ့ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကိုထိန်းသိမ်းရန် ဦးဆောင်လမ်းပြပေးလျက်ရှိသည်။

မြန်မာတို့ အစဉ်အလာမပျက် အမွန်အမြတ်ထားကာ ကျင်းပခဲ့သော ရိုးရာမဟာသင်္ကြန် ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့် အညီ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ ထုံမွမ်းပြီး အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ကာ သရုပ်ပျက် ဝတ်စားဆင်ယင်မှု၊ သီဆိုဖျော်ဖြေမှုနှင့် ပြုမူပြောဆိုမှုများကို ပပျောက်အောင် အသိတရားရှိရှိဖြင့် ယဉ်ယဉ်ကျေးကျေး အတာရေ ပျော်ရွှင်စွာ ပက်ဖျန်းကစားကြရန် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်တွင် ပါဝင်ယှဉ်ပြိုင်မည့် အထက(၁) စမ်းချောင်း ရွှေသရဖူမောင် အိုးစည်အဖွဲ့၏ ပါဝင်ယှဉ်ပြိုင်မည့်ဟန်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်(၂) ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ်ရှုရပ် မျှော်စင်သစ်ဖွင့်ပွဲကို မတ် ၃၀ ရက်ကကျင်းပရာ ရန်ကုန် အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် Naing Group Construction Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(က-ပ)

မဟာသုဝဏ္ဏကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော သင်္ကြန်တွင်း ၁၀ရက်တရားစခန်းပွဲကို ဧပြီ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားဘာဝနာပွားများအားထုတ်လိုကြသည့် ယောဂီပုဂ္ဂိုလ်များနှင့် စခန်းရက်အတွင်း ကုသိုလ်ဒါနပြုလိုကြသည့် ပါရမီရှင်များသည် သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက် ဖုန်း-၅၇၇၀၁၅သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(က-ပ)**

(၂၄)နှစ်မြောက် ရက်မြတ်မင်္ဂလာဆုတောင်း

ချစ်ခင်လေးစားရပါသော ဖေဖေ ဗိုလ်မှူးကြီးနေဝင်းနှင့် မေမေ ဗိုလ်ကြီးဒေါ်စောသိန်း(ငြိမ်း) တို့၏ ၂-၄-၂၀၀၄ ရက်တွင် ကျရောက်လာသော (၂၄)နှစ်မြောက် ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေ။

သမီး-ဆင့်ဆင့်ဖြိုး

ညီ၊ ညီမများ။

သဒ္ဓမ္မပါလနေဖြူတိုက်သစ်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဇင်ယော်လမ်းရှိ သဒ္ဓမ္မပါလနေဖြူတိုက်သစ်ကျောင်း၌ (၁၁)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရား စခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီး ဦးကြည်၏မူအတိုင်း ကျောင်းတိုက်၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယဆရာတော် အရှင်သာသန (သာသနဓဇမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ ၆နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓပူဇနိယပွဲနှင့် တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့ ကံလှကျေးရွာ သီရိမင်္ဂလာကံလှကျောင်းတိုက်ရှိ အောင်ယတြာကပ်ကျော် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ၁၁ မီးငြိမ်းဆရာတော် ဘဒ္ဒန္တအာဒိစ္စ ဦးစီးကျင်းပသော(၁၀)ကြိမ်မြောက် သိက္ခာထပ်၊ ရဟန်းခံ ရှင်ပြု၊သီလရှင်ဝတ်ပွဲနှင့် ၁၁ ရက်အဓိဋ္ဌာန်တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၂ ရက်ထိကျင်းပမည်ဖြစ်ရာ သာသနာ့ဘောင်ဝင်လိုသူများ၊ တရားစခန်းဝင်လိုသူများနှင့် လှူဒါန်းလိုသူ အလှူရှင်များသည်ဆရာတော်ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(က-ပ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (ရုံးချုပ်) B.Tech ဒုတိယနှစ် သင်တန်းဖွင့်လှစ်ရန် ကြေညာခြင်း

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာ ကောလိပ်များတွင် ၂၆-၁-၂၀၀၄ရက်မှ ၆-၂-၂၀၀၄ရက်တွင် ကျင်းပခဲ့သော B.Tech ပထမနှစ် သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄ရက်တွင် ထုတ်ပြန်ကြေညာပြီးဖြစ်ပါ၍ B.Tech ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ရန်ကုန်ရုံးချုပ်တွင်တာဝန်ထမ်းဆောင်ရန်

(၁) Supervisor (Sales) Male(1) ဦး
(၂) Team Leader (Sales) Male(4) ဦး
(၃) Merchandiser Male(3) ဦး
(၄) Sales Man Male(3) ဦး

အမှတ်စဉ်(၁)တွင် ဘွဲ့ရ၊ အတွေ့အကြုံသုံးနှစ်၊ (FMCG) Wholesales Channelအတွေ့အကြုံရှိရမည်။ အမှတ်စဉ်(၂)တွင် ဘွဲ့ရ၊ အတွေ့အကြုံနှစ်နှစ်ရှိရမည်။ အမှတ်စဉ် (၂)နှင့်(၄)တွင် ၁၀တန်းအောင်၊ ဘွဲ့ရဦးစားပေးမည်။ အတွေ့အကြုံနှစ်နှစ်ရှိရမည်။ ယာဉ်မောင်းကျွမ်းကျင်ရမည်။ အမှတ်စဉ်(၃)တွင် ၁၀တန်းအောင်၊ ဘွဲ့ရဦးစားပေးမည်။ အတွေ့အကြုံနှစ်နှစ်ရှိရမည်။ အမှတ်စဉ်အားလုံးအတွက် နယ်ခရီးသွားလာနိုင်ရမည်။

မော်လမြိုင်ရုံးခွဲတွင်တာဝန်ထမ်းဆောင်ရန်

(၁) Branch Manager Male(1) ဦး
(၂) Supervisor (Sales) Male(1) ဦး
(၃) Accountant Female(1) ဦး
(၄) Merchandiser Male(2) ဦး
(၅) ရုံးအကူ Male(1) ဦး

အမှတ်စဉ်(၁)တွင် ဘွဲ့ရ၊ အတွေ့အကြုံငါးနှစ်ရှိပြီး အရောင်းပိုင်းဆိုင်ရာများကို စီမံခန့်ခွဲနိုင်ရမည်ဖြစ်ပြီး ရုံးခွဲတစ်ခုကို နိုင်နင်းစွာအုပ်ချုပ်နိုင်ရမည်။ အမှတ်စဉ်(၂)တွင် ဘွဲ့ရ၊ အတွေ့အကြုံသုံးနှစ်အနည်းဆုံးရှိရမည်။ ယာဉ်မောင်းလိုင်စင်ရှိရမည်။ အမှတ်စဉ်(၃)သည် ဘွဲ့ရ၊ LCCI Level(3)ရှိပြီး အတွေ့အကြုံလေးနှစ်ရှိရမည်။ အမှတ်စဉ်(၄)တွင် ၁၀တန်းအောင်၊ ဘွဲ့ရဦးစားပေးမည်။ အတွေ့အကြုံနှစ်နှစ်ရှိရမည်။

လျှောက်ထားသူများသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံစာ(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူများကို ကိုယ်ရေးရာဇဝင်နှင့်အတူ ကြော်ငြာသည့်နေ့မှနှစ်ပတ်အတွင်း အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။

အမှတ် ၇၃-၇၆၊ ဝေဇယန္တာဥယျာဉ်(၄-၅)လမ်းကြား၊ ဝေဇယန္တာလမ်းမကြီး၊ သဃ်န်းကျွန်း၊ ရန်ကုန် ဖုန်း-၀၁-၅၇၃၂၈၅၊ ၅၇၃၂၈၆၊

အမှတ် ၂၄၂၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်၊ ဖုန်း-၀၅၇-၂၂၂၉၃။



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ပိုင် ဏ/၆၂၅၅ Hilux (79 Model)ကားလိုင်စင်စာအုပ်၊ ဗီးတက်ကတ်ပြားနှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါရန်။

ဦးအုန်းခိုင် Ph:228809

၉၄၊ အောင်ဇေယျလမ်း၊ ဆင်မင်းဈေး အလုံမြို့နယ်၊ ရန်ကုန်မြို့။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ် များတွင် ၁-၄-၂၀၀၄ရက်တွင်ဖွင့်လှစ်မည့် အခြေခံနည်းပညာ ကျွမ်းကျင်မှု သင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် ၂၀၀၄ ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်း စာမေးပွဲ ဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမလေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်း အောင်မြင်ပါက ဒုတိယလေးလသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်း အောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှု လက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။

၃။ ပထမ လေးလသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ လေးလသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှု လက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။



အက်ဖ်အေမှာ မန်ယူ-အာဆင်နယ်၊ ပရီမီယာရှစ်မှာ တော့တင်ဟမ်-ချယ်လ်ဆီး

ဟင်္သာန်

ရန်ကုန် ဧပြီ ၁

ယခုအပတ် အင်္ဂလန်၌ ပြိုင်ပွဲနှစ်ပွဲဖြစ်နေသည်။ ပရီမီယာရှစ်နှင့် အက်ဖ်အေဖလား။ အက်ဖ်အေဖလားပွဲ အကြိုဗိုလ်လုပွဲအဖြစ် အာဆင်နယ်-မန်ယူ၊ မီဝေါလ်-ဆန်ဒါလန်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပရီမီယာရှစ်၌ ရှစ်ပွဲသာ ကစားရန်ကျန်ရှိတော့သည်။ အက်ဖ်အေပွဲနွဲရမည့် အာဆင်နယ်နှင့် ပို့စ်မောက်၊ မန်ယူနှင့်ချာလ်တန်တို့၏ ပရီမီယာရှစ်ပွဲများကိုမူ ရက်ရွှေ့ထားမည်ဖြစ်သည်။

မတ် ၂၈ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဟိုက်ဘာရီကွင်း၌ ပြုလုပ်သော အာဆင်နယ်နှင့်မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ပွဲတွင် မန်ချက်စတာမှ နစ္စတယ်ရွိုင်း၏ ထိုးဖောက်မှုကို အာဆင်နယ်မှ ဆိုးလ်ကင်ဘဲလ် ဟန့်တားရန် ကြိုးစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထို့ကြောင့် ပရီမီယာရှစ်ထက် အက်ဖ်အေပွဲအကြိုဗိုလ်လုပွဲက အာဆင်နယ်-မန်ယူတို့၏ ဗီလာပါ့စ်ကပွဲကို ပရိသတ်များ ပိုပြီးစိတ်ဝင်စားပေလိမ့်မည်။ ပရီမီယာရှစ်မှာမူ အာဆင်နယ်နောက်အမီလိုက်နေသည့် ချယ်လ်ဆီးအတွက် အာဆင်နယ်နောက် ခုနစ်မှတ်အကွာမှ လေးမှတ်အကွာထိ ကပ်လာနိုင်ရန် အခွင့်အရေးရသွားသည်။ သို့သော် ချယ်လ်ဆီးတို့ ရင်ဆိုင်ရမည်က လန်ဒန်မြို့က ပြိုင်ဘက်တော့တင်ဟမ်ဟော့စပါးအသင်း ဖြစ်နေရာ ချယ်လ်ဆီးအတွက် လွယ်မယောင်နှင့် ခက်နေသည့်ပွဲမျိုးဖြစ်နေသည်။ သည်တော့ အက်ဖ်အေဖလားဗိုလ်လုပွဲရောက်မည်က အာဆင်နယ်လား၊ မန်ယူလား၊ သို့တည်းမဟုတ် အာဆင်နယ်နောက်ကိုပဲ ပရီမီယာရှစ်ပွဲ၌ ချယ်လ်ဆီးတို့ ကပ်လာနိုင်သည့် အခွင့်အရေးရသွားမည်လား။ ပြိုင်ပွဲနှစ်ပွဲ ခံစားချက်နှစ်မျိုးဖြင့် ဧပြီ ၃ရက်နှင့် ၄ရက်တွင် ကစားမည့် အင်္ဂလန်မှပွဲများအပေါ် ကြိုတင်သုံးသပ်ကြည့်လိုက်မိပါသည်။

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ(၃/၄-၄-၂၀၀၄)

အာဆင်နယ်-မန်ယူ

သည်ရာသီ၌ သည်နှစ်သင်း သုံးကြိမ်ဆုံထားသည်။ သုံးကြိမ်စလုံး မိနစ် ၉၀ အတွင်း သရေပွဲများချည်း။ သည်တစ်ပွဲတွင်တော့ အနိုင်အရှုံးအဖြေထွက်နိုင်လောက်ပြီထင်သည်။ ကစားရမည့်ကွင်းက ကြားကွင်းဖြစ်နေ၍ တစ်သင်းနှင့်တစ်သင်း အသာစီးမရနိုင်တော့။ သို့သော် မန်ယူကတော့ဗီလာပါ့စ်ကွင်းမှာ သူတို့အတွက် ကံကောင်းစေသည်ဟုဆိုသည်။ ယင်းအစဉ်အလာကို ဆက်ထိန်းနိုင်ရန်လည်း မန်ယူတို့ ကြိုးစားပါလိမ့်မည်။ သည်နှစ်သင်း အနေဖြင့် တစ်ပတ်အတွင်း ဒုတိယအကြိမ် ဆုံကြခြင်းဖြစ်သည်။ မတ်လ ၂၈ရက်က ပရီမီယာရှစ်ပွဲအဖြစ် ဟိုက်ဘူရီ၌ ကစားခဲ့ကြရာ ၁-၁ သရေကျထားသည်။ နှစ်သင်းစလုံးခြေကုန်ထုတ်ပုံမရ၊ နှစ်သင်းစလုံးသရေကျအောင် ကစားသွားသည့်ပုံပေါ်နေသည်။

သည်တစ်ပွဲတွင်တော့ ထိုကဲ့သို့မျိုးမရတော့။ အနိုင်အရှုံးပေါ်အောင် စွမ်းအားကုန်သုံးကြရတော့မည်ဖြစ်သည်။ အာဆင်နယ်ကလည်း အက်ဖ်အေဖလားကို သုံးကြိမ်ဆက်ဆွတ်ခူးနိုင်ဖို့၊ မန်ယူကလည်း သည်ရာသီ ပရိသတ်ကို သည်အက်ဖ်အေဖလားတစ်လုံးဖြင့် နှစ်သိမ့်နိုင်ဖို့ စသည့် ရည်မှန်းချက်ကိုယ်စီရှိနေရာ သည်တစ်ချီတော့ နှစ်သင်း ပေါ့ဆရဲကြတော့မည်မဟုတ်တော့၊ သည်တော့ သည်ပွဲမှာ ပရိသတ်အကြိုက် ပွဲကြီးပွဲကောင်းဖြစ်လာဖို့များနေသည်။ မန်ယူအတွက် ပြီးခဲ့သည့်ရာသီ အက်ဖ်အေကွာတားပွဲကို အမှတ်ရဖွယ်။ ထိုပွဲ၌လည်း မန်ယူနှင့် အာဆင်နယ်ဆုံခဲ့သည်။ အာဆင်နယ်နိုင်သွားသည်။ ၂-၀။ ထိုအရှုံးကြောင့် ဖာဂီ၏ဖိနပ်ပျံ ဘက်ဟမ်းကိုမှန်ခဲ့သည်။ သည်တစ်ချီ သည်တစ်ပွဲကို ဘက်ဟမ်းလည်း စိတ်ဝင်စားစွာ စောင့်ကြည့်နေမည်ထင်သည်။

လက်ရှိအခြေအနေများအရ အာဆင်နယ်ပွဲကျပ်များ ဆက်နေသည်။ ထို့ကြောင့် ယခုပွဲ၌ အင်အားကိုချွေတာသည့်ကစားနည်းမျိုး သည်ပွဲ၌ သုံးနိုင်သည်။ မန်ယူမှာမူ ထိုသို့မဟုတ်၊ အောင်ပွဲတစ်ခုအတွက် သည်ပွဲက အဓိကမျှော်မှန်းချက်။ သည်တော့ အာဆင်နယ်ကို အင်အားကုန်ထုတ်သုံးတော့မည်ဖြစ်သည်။ သို့ရာတွင် အနေအထားများအရ ခြေစွမ်းချင်းက ကွာဟမှုရှိနေသည်။ မန်ယူမှာ ခါတိုင်းမန်ယူမဟုတ်။ အနိုင်တစ်ပွဲအတွက် အတော်လေးအားထုတ်နေရသည့်မန်ယူ ဖြစ်နေသည်။ အာဆင်နယ်အတွက်က အနိုင်လိုချင်လျှင် လိုချင်သလိုရအောင် ကစားနိုင်သည့်အစွမ်းမျိုး ပိုင်ဆိုင်ထားချိန်ဖြစ်နေရာ သည်တစ်ချီ မန်ယူမလွယ်တော့ဟုထင်သည်။ သို့သော် တစ်ခုစဉ်းစားမိသည်က သည်ပွဲ၌ မန်ယူတို့ ဖောင်ဖျက်ကစားနည်းကို သုံးခဲ့လျှင်ဟူ၍ဖြစ်သည်။ ထိုသို့ဆိုလျှင် အာဆင်နယ်ကစားရ နည်းနည်းခက်သွားမည့် ပုံရှိနေသည်။ သည်တစ်ပွဲကတော့ အာဆင်နယ်အစွမ်း မှတ်ကျောက်တင်ခံရမည့်ပွဲ ဖြစ်နေသည်။ အာဆင်နယ်နိုင်သွားလိမ့်မည်ဟု ထင်သည်။

မီဝေါလ်-ဆန်းဒါးလန်း

အက်ဖ်အေ အကြိုဗိုလ်လုပွဲနောက်တစ်ပွဲ၊ နှစ်သင်းစလုံး ပထမတန်း၌ အလယ် အလတ်အဆင့်တွင်ရှိကြရာ တစ်သင်းနှင့်တစ်သင်း ခြေမကွာဟုတော့ ဆိုနိုင်သည်။ သည်ပွဲနိုင်သည့်အသင်း ၁၉၉၂ နောက်ပိုင်း အက်ဖ်အေဗိုလ်လုပွဲသို့ တက်နိုင်သည့် ပထမတန်းအသင်းအဖြစ် မှတ်တမ်းဝင်တော့မည်ဖြစ်နေသည်။ အက်ဖ်ဖလား ဗိုလ်လုပွဲကို ပထမတန်းက နောက်ဆုံးတက်ရောက်နိုင်ခဲ့သည့် အသင်းကလည်း ယခုပွဲကိုနွဲရမည့် ဆန်းဒါးလန်းအသင်း ဖြစ်နေသည်။ သည်နှစ်သင်း ယှဉ်လိုက်ပြန်ရင်လည်း ဆန်းဒါးလန်းက အဘက်ဘက်၌အနည်းငယ် သာသလိုလိုရှိနေသည်။ သည်တော့ အက်ဖ်အေဗိုလ်လုပွဲသို့ ၁၂ နှစ်အတွင်း ပထမဦးဆုံးပြန်ရောက် နိုင်သည့် ပထမတန်းအသင်းမှာလည်း ဆန်းဒါးလန်းပင် ဖြစ်သွားနိုင်ခွင့် များနေသည်။

ပရီမီယာရှစ်ပွဲစဉ်(၃၁) (၃/၄-၄-၂၀၀၄)

တော့တင်ဟမ်-ချယ်လ်ဆီး

လန်ဒန်မြို့ခံပြိုင်ဘက်နှစ်သင်း၏ပွဲဖြစ်သည်။ အာဆင်နယ်က အက်ဖ်အေဖလားပွဲနွှဲနေရ၍ ပရီမီယာရှစ်ပွဲမနွှဲနိုင်ရာ ချယ်လ်ဆီးသာယခုပွဲ နိုင်လိုက်ပါက အာဆင်နယ်ထက် တစ်ပွဲပိုကစားပြီး အာဆင်နယ်နှင့် ၄ မှတ်အကွာ ရောက်သွားနိုင်သည်။ ထိုသို့ဆိုလျှင် နောက်မှကစားရမည့် အာဆင်နယ်အတွက်ဖိအားပိုသွားနိုင်သည်။ သို့ရာတွင် ခက်နေသည့်ယခုယှဉ်ပြိုင်ရမည့်ပြိုင်ဘက်က ချယ်လ်ဆီးကို အလွယ်တကူ အမှတ်ပေးမည်မဟုတ်သည့်အသင်း ဖြစ်နေခြင်းဖြစ်သည်။ တစ်မြို့တည်းသားချင်း သူ့စွမ်းသလိုကိုယ့်စွမ်းကြောင်းလည်းပြချင်လိုစိတ်ဖြင့် ချယ်လ်ဆီးကိုရင်ဆိုင်မည့်အသင်းဖြစ်နေသည်။ သို့ရာတွင်ပြီးခဲ့သည့် လေးရာသီအတွင်း တော့တင်ဟမ်၏ရိုက်ဟာ့တ်လိန်း၌ ချယ်လ်ဆီးတစ်ကြိမ်မျှမရှုံးဘဲ တစ်ပွဲသရေ သုံးပွဲနိုင်ထားသည်က ချယ်လ်ဆီးအတွက် အားဆေးတစ်ခွက်လိုဖြစ်နေသည်။ ထို့အပြင် လတ်တလော အနေထားများအရလည်း ချယ်လ်ဆီးကပင် အသာစီးရှိနေသည်။ တစ်ခုရှိသည်က ချယ်လ်ဆီးတို့အာဆင်နယ်နှင့် ချန်ပီယံလိဂ်အဆုံးအဖြတ်ပွဲ နွှဲဖို့ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့်ယခုပွဲ၌ချယ်လ်ဆီးကို သိပ်ပြီးယုံထား၍မဖြစ်တော့။ မြို့ခံပြိုင်ဘက် တော့တင်ဟမ်နှင့် ချယ်လ်ဆီး နှစ်သင်းစလုံးကျေနပ်မည့် သရေအဖြေမျိုးလောက်ပဲ ထွက်အောင်ကစားသွားမည် ထင်မိသည်။

မတ် ၂၈ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်နှင့် မန်ချက်စတာယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်ချက်စတာမှ ဒါရမ်ဖလက်ချာနှင့် အာဆင်နယ်မှ ဂေးလ်ကလစ်ချီတို့ ဘောလုံးယှဉ်လုစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အက်စတန်ဗီလာ-မန်စီးတီး

အက်စတန်ဗီလာချန်ပီယံလိဂ်ဝင်ခွင့်ကို ချိန်နေသည်။ ထို့ကြောင့် ကြိုးစားပြီး အမှတ်ရအောင်ယူလိမ့်မည်။မန်စီးတီးကလည်း ယခုအချိန်ထိခြေမမှန်။အဝေးကွင်း၌ပိုဆိုးနေသည်။ ပြီးခဲ့သည့် နှစ်ရာသီ ဗီလာကွင်း၌ ဗီလာကို ဆုံခဲ့စဉ်ကလည်း မန်စီးတီးမနိုင်ခဲ့။ တစ်ပွဲသရေတစ်ပွဲရှုံးထားသည်။ သည်တော့ယခုပွဲ၌ ဗီလာက တိုက်စစ်မှူးအန်ဟယ်လ်တောင်အမေရိကခြေစစ်ပွဲကြောင့် ပွဲပန်းပြီး ခြေစွမ်းမပြမှသာ မန်စီးတီးအတွက် မျှော်လင့်နိုင်လိမ့်မည်ထင်သည်။ ဗီလာအနိုင်၊ သို့မဟုတ် သရေပင်။

ဖူလ်ဟမ်း-ဘာမင်ဂမ်

ဘာမင်ဂမ်မျှော်လင့်ချက်ဖြင့် ကြိုးစားလိမ့်မည်။ ယခုတလောတိုက်စစ်ကလည်းတက်လာနေရာ ဖူလ်ဟမ်းကွင်း၌ အိမ်ရှင်ကို ကောင်းကောင်းရင်ဆိုင်နိုင်စွမ်းရှိနေသည်။ ဖူလ်ဟမ်းမှာလည်း ယခုတလော တိုက်စစ်ကခပ်ပျော့ပျော့။ သည်တော့အိမ်ရှင်ဆိုသော်လည်း ဖူလ်ဟမ်းကိုသိပ်မျှော်လင့်ထား၍မရ။ ထို့ကြောင့် ယခုပွဲ၌ ခြေမှန်သည့်ဘာမင်ဂမ်ကိုပဲ ယုံလိုက်ချင်မိသည်။

လီဗာပူး- ဘလက်ဘန်း

နှစ်သင်းစလုံး ခြေစွမ်းကခပ်ယိုင်ယိုင်ဆိုနိုင်သည်။ သို့ရာတွင် လီဗာပူးအတွက် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ကစားရဖို့ရှိနေသည်။ ပရီမီယာရှစ်တစ်ခုတည်းသာ လီဗာပူးအတွက် အာရုံစိုက်စရာရှိတော့ရာ လီဗာပူးပိုကောင်းလာနိုင်သည့် အနေအထားမျိုးရှိနေသည်။ အိမ်ကွင်း၌လည်း လီဗာပူးဂိုးမြူးတတ်သည့်အပြင် ဘလက်ဘန်းခံစစ်ကလည်း ခပ်ညံ့ညံ့ဖြစ်နေရာ သည်တစ်ပွဲ၌ လီဗာပူး နိုင်ဖို့ များလိမ့်မည်ထင်သည်။

လိဒ်စ်-လက်စတာ

အတန်းမဆင်းရရေး ရုန်းကန်နေရသည့် နှစ်သင်း၊ တစ်သင်းနှင့်တစ်သင်း အမှတ်ဖဲ့ယူနိုင်ရေး အားထုတ်ရတော့မည်။ လိဒ်စ်တွင် အိမ်ခံပရိသတ်ရှိနေသည်။ ထို့ကြောင့် လိဒ်စ်တို့အိမ်ကွင်း၌ ထထတောက်ပြလေ့ရှိသည်။ သို့သော် လက်စတာကိုလည်း လျှော့တွက်၍မရ။ ဝါရင့်များဖြင့် သရေရအောင် ကစားရာမှာတော့ ကျွမ်းကျင်နေသည်။ နောက်ဆုံး ခြောက်ပွဲဆက်တိုက်လည်း တစ်ပွဲမျှမရှုံး၊ တစ်ပွဲနိုင် ငါးပွဲသရေကျထားသည်။ ထို့ကြောင့် လိဒ်စ်တို့အနိုင်ရယူချင်သော်လည်း ခက်ခဲမည့်ပွဲ မျိုးဖြစ်နေသည်။ သရေပွဲဖြစ်ဦးမည်ထင်သည်။

မစ်ဒယ်ဘရော့-ဘော်လ်တန်

နှစ်သင်းစလုံးအတွက် အရေးတကြီး အမှတ်လိုနေချိန်မျိုးမဟုတ်တော့။ သည်တော့ ခပ်မှန်မှန်ဖြင့် သိက္ခာအတွက်သာ ရင်ဆိုင်ကြမည့်ပုံရှိသည်။ ဘော်လ်တန်ကလည်း ခုမှနာလန်ထခြေစွမ်း၊ ထိုခြေစွမ်းမျိုးဖြင့် နဂိုကမှ အားနည်းသည့်အဝေးကွင်း၌ မစ်ဒယ်ဘရော့ကို ရင်ဆိုင်ရာမှာခက်ခဲမည်ထင်သည်။ သရေကျလျှင်ကျ မဟုတ်လျှင် မစ်ဒယ်ဘရော့အနိုင်ပင်။

နယူးကာဆယ်-အဲဗာတန်

လီဗာပူးနှင့်အပြိုင်လုမည့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နယူးကာဆယ်၊ သည်ပွဲကို အသေအချာကစားလိမ့်မည်။ အသင်း၌ လူစုံနေသည့်အပြင် အိမ်ကွင်း၌လည်း ခြေစွာလေ့ရှိရာ အဝေးကွင်းခပ်ပျော့ပျော့အဲဗာတန်အတွက် နယူးကာဆယ်ကို အမှတ်ပုံအပ်လိုက်ရမည့်ပွဲပင် ဖြစ်သွားနိုင်သည်။

ဝုလ်ဖ်-ဆောက်သမ်တန်

ဝုလ်ဖ်အတွက်ကြိုးစားချိန်ရှိနေသေးသည်။ အိမ်ကွင်းကစားပုံလည်းကောင်းတတ်ရာ နည်းပြသစ်လက်ထဲအဝေးကွင်းမစွံသည့်ဆောက်သမ်တန် လွယ်မည်မထင်။ ဝုဖ်လ်အနိုင်၊ သို့မဟုတ် သရေပွဲပင်။ ။ **(မြန်မာ့အလင်း)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဓာတ်ပုံ၊ နံရံကပ်စာစောင် ပြပွဲဖွင့်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်) တွင် မတ် ၂၃ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် ခရိုင်ဦးစီးမှူး ဦးတင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင် ပြန်/ဆက်)

မတ် ၂၃ ရက်က ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၀၃- ၂၀၀၄ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲအခမ်းအနားတွင် ဒသမတန်းမှ မကြည်ဖြူဝင်းအောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးမြင့်က သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်စဉ်။
(က-ပ)

2-4 (15).p65 15 3/24/05, 9:14 PM

ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိယူဆောင်ရွက်လျက်ရှိသည့် ဝက်ကုန်း-မံဖာကျေးလက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာဦးမျိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝမ်နောင်ကျေးရွာကတ္တရာလမ်းသစ်နှင့်ရုံးသစ်ဖွင့်

မိုင်းဖြတ် မတ် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် ဝမ်နောင်စံပြကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးမြင့်ကျော်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မိုင်းဖြတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့်အဖွဲ့၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပြည်သူအင်အား၁၂၀၀ခန့်တက်ရောက်ကြသည်။

ကတ္တရာလမ်းသစ်ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးမြင့်ကျော်တို့ကလည်းကောင်း၊ ကျေးရွာရုံးသစ်အဆောက်အအုံကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်ကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၃၆၀၀၊ အကျယ် ၈ ပေရှိပြီး ကျပ်၃၄၂၅၅၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

စာရေးတံမဲနှင့်သိမ်ဆင်းလောင်းလှူ

ကျိုက်လတ် မတ် ၂၇

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ရုံးဒေါင့်မြို့ သီရိမင်္ဂလာတိုက်သစ်ကျောင်းဦးစီးပဓာန တိုင်းသံဃနာယကဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒဦးဆောင်၍ သီလဝိသုဒ္ဓိဖြစ်စေရန်ဒုတိယအကြိမ်မြောက် သံဃာမဟာပရိဝါသ်ပွဲတော်ကိုတပေါင်းလပြည့်ကျော်၅ရက်မှ တန်ခူးလဆန်း၅ ရက်နေ့ထိ ကျင်းပရာတိုင်း၊ ပြည်နယ်ရှိ မြို့နယ်၊ ရွာအသီးသီးမှ သံဃာတော်အရှင်သူမြတ်တို့ ကြွရောက်တော်မူကြပြီး ပရိဝါသ်ဆောက်တည်ခြင်း၊ မာနတ္တကံဆောင် ခြင်းနှင့် အဗ္ဘာနကံဆောင်ခြင်းများကို ပြုလုပ်ရာ မြို့နယ်အဖွဲ့အစည်းများနှင့် ပရိဝါသ်ကျောင်းဒါယကာ ဒါယိကာမများ၊ ဆွမ်းအလှူရှင်များနှင့် သာသနာ့အကျိုးဆောင်အဖွဲ့တို့က ကြွရောက်ကြကုန်သော သံဃာတော်အရှင်သူမြတ်တို့ကို တန်ခူးလဆန်း ၅ ရက်က စာရေးတံမဲဖောက်၍ သိမ်ဆင်း လောင်းလှူကြသည်။ **(က-ပ)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ်ာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ဟသ်ာတမြို့ တာငါးဆယ်တောင်ရပ်ကွက်၊ ကျေးကံကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ ဟသ်ာတခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံး၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းထွန်းနှင့် ဗိုလ်ကြီးကျော်စိန်(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ် မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာနှင့် ပသွယ်ကျေးရွာ ဆက်သွယ်သည့် မြေသားလမ်း ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းသန်းနှင့် ကျေးရွာ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းအား ကြည့်ရှုကြစဉ်။ (က-ပ)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်ဦးဆောင်သောအဖွဲ့ မတ်၅ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးဖြစ်သည့် ကမ်းနားလမ်းနှင့် (၁) လမ်း ထောင့် ရှိ ကျောက် သားဥယျာဉ်ကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းရွှေအောင်တို့အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေး ကြစဉ်။ (က-ပ)

တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံသို့လေ့လာ

ရွှေဘို မတ် ၃၁

မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် အပတ်စဉ်(၁)တတိယနှစ် ကျောင်းသားကျောင်းသူ ၁၇၇ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြတ်မိုးဦးဆောင်လျက် ဆရာ ဆရာမခုနစ်ဦး ကြီးကြပ်လိုက်ပါလာပြီး မတ် ၂၂ ရက် မွန်းလွဲပိုင်းက ရွှေဘိုမြို့ရှိ ရုပ်ပျိုတိုင်းရင်းအထူးကုဆေးခန်း ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)သို့ သွားရောက်လေ့လာကြသည်။

ထိုလေ့လာရေးအဖွဲ့အား ရုပ်ပျိုတိုင်းရင်းဆေး အစည်းအဝေးခန်းမတွင် ဦးဆောင်စီမံအုပ်ချုပ်သူ ဆရာဦးဘိုကြီးက မိတ်ဆက်စကားနှင့် ရုပ်ပျိုတိုင်းရင်းဆေးဖွဲ့စည်းဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ အထွေထွေမန်နေဂျာဦးဇော်ဇော်က ဆေးဝါးထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ပြန်လည်မေးမြန်းဆွေးနွေးမှုများကို ရှင်းလင်းဖြေကြားကြသည်။ **(အပေါ်ပုံ)** ထို့နောက် လုပ်ငန်းခွင်အတွင်း ဆေးဝါးထုတ်လုပ်မှုကို အသေးစိတ် ကွင်းဆင်းလေ့လာကြကြောင်း သိရသည်။ **(က-ပ)**

ထားဝယ်ရိုးရာသင်္ကြန်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်ထမင်း(ရေးဇီမုန်း)နှင့် ရိုးရာမုန့်များကို ဧပြီ ၁၂ရက်သင်္ကြန်အကြိုနေ့ တနင်္လာနေ့နံနက် ၈နာရီမှနံနက် ၁၀ နာရီအထိ အမှတ်(၈၂၈) မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ် ထားဝယ် အသင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများနှင့် မိတ်သင်္ဂဟများ လာရောက်အားပေးချီးမြှင့်ကြရန် အသင်းအမှုဆောင်ကော်မတီက ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အလှပြုပြင်ခြင်းလက်တွေ့သရုပ်ပြ

မန္တလေး မတ် ၂၈

Grand Wynn Enterprise, Ltd.နှင့် S.C Artistry Co.,Ltd. (Thai)တို့ ပူးပေါင်း၍ ဆံကေသာ အလှပြုပြင်ခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကို မန္တလေးမြို့၌ မတ် ၂၂ ရက်နှင့် ၂၃ ရက်များက ကျင်းပရာ လက်တွေ့သရုပ်ပြပွဲကို မန္တလေးမြို့ Sedona Hotel၌ လည်းကောင်း၊ မန္တလေးမြို့ Cover Style Beauty Saloon၌ Workshop ကိုလည်းကောင်း ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါပွဲများ၌ ထိုင်းနိုင်ငံအလှဖန်တီးရှင်များအသင်း ဥက္ကဋ္ဌဒေါက်တာ ပရာဆာဆာစ်နှင့် အဖွဲ့ဝင်ခုနစ်ဦးပါရှိသော အလှပညာရှင်များက လက်တွေ့သရုပ်ပြပွဲနှင့် ဟောပြောပို့ချမှုများကိုပြုလုပ်ပေးခဲ့ရာ စိတ်ပါဝင်စားသူများနှင့် အလှဖန်တီးရှင်များ စည်ကားစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

လက်မှတ်ပေးအပ်

လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်း ကျောင်း၏ ၂၀၀၃-၂၀၀၄သင်ယူပြီးမြောက်ခြင်း အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်မှ ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

မတ် ၂၈ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမတွင် ပြုလုပ်ရာ တက္ကသိုလ်ဝင်တန်း ကျောင်းသူ မမိုးမိုးလှိုင်အား ကျောင်းအုပ်ဆရာကြီးဦးကျော်မြင့်ကသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၁၉၂)

နှစ်သစ်မဟာသင်္ကြန်အကြို

Dagon Centre Shopping Mall

အထူးဈေးရောင်းပွဲ

(5 % to 70 %) Discount

Promotion အစီအစဉ်များ

လက်ဆောင်ပေးမည့်အစီအစဉ်များဖြင့်

(၁. ၄. ၂၀၀၄ မှ ၁၁. ၄. ၂၀၀၄) ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Diary Travels & Tours

Hotel
Restaurant
Air-Con Express

Phone-380120,240832,287129,09 5018867

Top Ten

ဦးကံညွန့်မောင်

GRAMMAR ESSAY LETTER

လက်ထပ်ပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ Seattel မြို့နေ
ဦးကြင်စန်း-ဒေါ်တင်ကြည်
တို့၏သား
ဒေါက်တာမောင်မောင်ဦး M.D.,
F.A.C.P.,
Consultant Medical Oncologist/ Hematologist
(Overlake Hospital Medical Center), (Evergreen Hospital Medical Center),
(ခေတ္တ-U.S.A)
နှင့်
ရန်ကုန်မြို့နေ
[ဒုတိယဗိုလ်မှူးကြီး စန်းမြင့်(ငြိမ်း) (ခ)မောင်စန်း]တပ်မှူး (စက်/လက်တပ်)(ငြိမ်း)
နည်းပြမှူးကြီး (နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်)(ငြိမ်း) အကြံပေးအရာရှိ
(ပို့ဆောင်ရေးဝန်ကြီးဌာန)(ငြိမ်း)
ဗိုလ်ကြီးဒေါ်စုစု (ငြိမ်း) (ခ) ခင်စုစုစီ (တပ်မတော်ဆေးရုံကြီး)
တို့၏သမီး
မသန္တာစုမြင့်(ခ)နီတာ
မြန်မာ့လက်ရွေးစင် (သေနတ်ပစ်)
B.Sc (Physics),D.C.Sc.,
Dip in Environmental (Planning & Management),
Y.U.F.L(French) Second Year,
Dip in Computer Arts (Level III),B.D.F. (2)(2/2000), M.P.A II
(ခေတ္တ-U.S.A)တို့ကို

နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ၂၇-၆-၂၀၀၃ ရက်တွင် စေ့စပ်ကြောင်းလမ်းပေးခဲ့ပြီး၊ ၃၀-၄-၂၀၀၄ ရက်တွင် အမေရိကန်နိုင်ငံ Seattel မြို့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာ မောင်မောင်ဦး-မသန္တာစုမြင့်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ်(၁၁၈၀)၊ ဧရိယာ ၂၄၂၅ စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၈၀)၊ ပိတောက်မြိုင် ၁ လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေနှင့် နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ရှင် ဒေါ်ခင်သန်းလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသဖြင့် ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသန်းမောင် B.Sc, R.L, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်(၅၀)၊ အခန်း(၁၇-အေ)၊ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၆၃၁၆။

Peace Myanmar Group Co., Ltd.

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖြိုးပြည့်စုံ(ခ)ကိုဖြိုး ပဖန(နိုင်) ၀၇၃၃၉၃ သည် မိဘများစိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စကို ပြုလုပ်သွားပါ၍ ၃၁-၃-၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို (လုံး၀)တာ၀န်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
အဖ ဦးသန်းအောင်-
အမိ ဒေါ်ဌေးဌေး ပဖန(နိုင်)၀၀၂၄၂၇

ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၌သာခန့်ထားရန်

အထွေထွေမန်နေဂျာ ၁ ဦး
မန်နေဂျာ (ငွေစာရင်း) ၁ ဦး

အရည်အချင်းပြည့်မီ၍ စိတ်ဝင်စားသူများ ဥက္ကဋ္ဌထံ လိပ်မူ၍ ၁၀-၄-၂၀၀၄ ရက် (၁၆း၀၀) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

မြန်မာဂေါက်သီးရိုက်အသင်း
၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

အမြန်ဝယ်ရိုးသည်
Covering Stitch Mechanic with Feeding Device
(၂) 2 Needle

တပ်ကြပ်ကြီးရွှေလှဝင်း

တောင်ငူ
အသက် (၆၀)

တောင်ငူမြို့နေ (ဒေါ်ကျင်မြ)ဒေါ်ပြုံးကြည်၏ခင်ပွန်း၊ မဌေးဌေးဝင်း-(ကိုဝင်းသိန်း)၊ မမြမြဝင်း-တပ်ကြပ်ကြီးအောင်စိုးကြည် (ယာဉ်ပြင်)၊ မမြသီတာဝင်း(ဂျမ်းပုံ)၊ မောင်ဝင်းဇော်ထိုက် [တပ်မတော်ကြည်း(က)ဘောလုံးအသင်း] တို့၏ဖခင်၊ မောင်ကောင်းမြတ်ကျော်၊ မစုစန္ဒီကျော်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မော်တော်ယာဉ်ဘီးရှမ်းခြင်းဆိုင်ရာ တင်ဒါခေါ်ယူခြင်း

တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ဆေးပစ္စည်းများပို့ဆောင်နိုင်ရန် မော်တော်ယာဉ်ဘီးရှမ်းလိုပါသဖြင့် (က)စင်းလုံးဘီးစနစ်၊ (ခ)လုံးကောက်စနစ်တို့ဖြင့် ဈေးနှုန်းလွှာ ဖိတ်ခေါ်ပါသည်။

တင်ဒါပေးသွင်းသူတို့သည် ဈေးနှုန်းလွှာများကို ဗဟိုဆေးသိုလှောင်ရေးဌာန အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ပေးပို့နိုင်ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့်ပုံစံများကို ငွေစာရင်းဌာန စိတ်တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံစတင်လက်ခံမည့်ရက် - ၂၀-၄-၂၀၀၄
တင်ဒါပိတ်ရက် - ၂၇-၄-၂၀၀၄ (ညနေ ၄း၃၀ နာရီ)

ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)
ဗဟိုဆေးသိုလှောင်ရေးဌာန
ရန်ကုန်။

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးဘသစ် (ထားဝယ်)

ထားဝယ်မြို့ ရှမ္ပလည်ဆွဲရပ် မြိတ်လမ်းနေ ဖခင်ကြီး ဦးဘသစ် ကွယ်လွန်သွားသည်မှာ ၂၃-၃-၂၀၀၄ ရက်တွင် (၃)နှစ်ပြည့်သွားပြီဖြစ်၍ လွှဒါန်းမှုများကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ကျန်ရစ်သူမိသားစု။

စာရင်းကိုင်အလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

စာရင်းကိုင် ကျား/မ ၂ ဦး

B.Com, C.P.A, LCCI LevelIII(သို့)D.A ဘွဲ့တစ်ခုခုရရှိရမည်။ ကုမ္ပဏီလုပ်ငန်း အတွေ့အကြုံလုပ်သက်အနည်းဆုံး သုံးနှစ်ရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်ရမည်။

လျှောက်ထားသူများသည် ကိုယ်ရေးအချက်အလက်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ တစ်ပုံနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

Great Luck Co., Ltd.
အမှတ် ၃၆၊ ၁၉လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့.
Ph: 382340, 382215

မိဘအမည်မှန်

ကျိုင်းတုံမြို့ အထက(၃)၊ သတ္တမတန်းမှ မောင်ရန်နောင်ထွန်း၏ မိဘအမည်မှန်မှာ ဦးဆန်းဝင်း-ဒေါ်ကြည်ကြည်လင်းဖြစ်ပါသည်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

စလင်းမြို့နယ်၊စလောင်းကုန်းရွာနေ ကျွန်တော်၏သားဖြစ်သူ မောင်လင်းနိုင်ဌေးသည် ခွင့်မလွှတ်နိုင်သော ကိစ္စများ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှစွန့်လွှတ်လိုက်သည်။
(သတင်းမေးခြင်းသည်းခံပါ။)
ဦးလှသောင်း ၈/စလန(နိုင်)၀၁၀၃၁၄

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ကြာမ

အသက်(၉၀)

ရန်ကုန်မြို့၊ ဝါယာလက်၊ ပလရအိမ်ခြေ ၁၀၀၊ ၃လမ်း၊ အိမ်အမှတ် ၆၁ နေ ဦးကျော်ဖုံဖြူကြီး၏ဇနီး၊ (ဦးမောင်ထွန်းစံ)-ဒေါ်အေးခိုင်စိန်၊ တကကအောင်သာ၊ ဒေါ်လှဝင်းရီတို့၏ မိခင်၊ မဖြူနုမ-မောင်ဝေရ၊ မအောင်တင်၊ ဝိုင်းမချေ-ကျော်သိန်းမောင်(မင်းပြား)၊ ကိုသန်းဇော်-မညွန့်ညွန့်ဖူး၊ တကကဝင်းဇော်-မမို့မို့ထွန်းတို့၏အဘွား၊ မြစ် ၁၃ ယောက်၊ တီ ရစ်ယောက်တို့၏အဖီး၊ မင်းပြားမြို့နယ်အသင်း၏ အကန်တော့ခံပုဂ္ဂိုလ် ဒေါ်ကြာမသည် ၂၉-၃-၂၀၀၄ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တပ်မတော် ဆေးရုံကြီး (မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ကျေးဇူးတင်ရှိခြင်း

၂၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်စီ (ခ) ဒေါ်တုတ် အသက်၆၁နှစ် နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့သောအလုပ်သမားဆေးရုံမှ ဆရာဝန်ဆရာမများအားလည်းကောင်း၊ သဃ်န်းကျွန်း စံပြဆေးရုံ ဆီးနှင့်ကျောက်ကပ် ဆေးကုဌာနမှ ဆရာဝန်ကြီးများနှင့် ဆရာဝန် ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စတွင် ဝိုင်းဝန်း ကူညီလိုက်ပါပို့ဆောင်ကြသော ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်ကွက်သူ ရပ်ကွက်သားများအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးငွေသိန်း(ခ) ဦးမင်းသိန်း

(ပထဝီဝင်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အမှတ် ၅၅၁၊ ရတနာပုံ ၂လမ်း၊ ၁၃၃ ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ မောင်မျိုးကျော်-မစပယ် တို့၏ဖခင်၊ မစိုးသန္တာလင်း၏ အဘိုးသည် ၂၇-၃-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်
280458

လေလံတင်ရောင်းချရန်ကြော်ငြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းစာများတွင် ကြော်ငြာပြီးဖြစ်ပါသည်။ သို့ဖြစ်၍ လုပ်ငန်းလိုင်စင်လျှောက်ထားလိုသူများသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(တောင်ကြီးမြို့)သို့ အမြန်လာရောက်ဆက်သွယ်နိုင်ပါရန် အသိပေးအပ်ပါသည်-

(က) တာကော်တံတား(ကွန်ဟိန်းမြို့)
(ခ) ကွန်ဟိန်းတံတား(ကွန်ဟိန်းမြို့)
(ဂ) သံလွင်(တာဆန်း)တံတား(မိုင်းတုံမြို့)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
တောင်ကြီးမြို့။

အငြိမ့်
မျက်နှာဖွင့်ဆေး

ပြောင်းလဲခေါ်ပါရန်

တောင်ကြီးမြို့ အထက(၅) အဋ္ဌမတန်း (A)မှ ဖခင် ဦးတင်ထွန်းအောင် ၁၂/ရကန (နိုင်)၀၆၇၉၇ ၏သမီး မစုစုမွန်အား ယနေ့မှစ၍ မစောစန္ဒာ ထက်ဟုခေါ်ပါရန်။ **မစောစန္ဒာထက်။**

ငုယ်သကြန်
EXPRESS PLUS

ဘားစီးလုံးငွားမည်
MTEK Tourism Co., Ltd.

AMIGO TRAVEL SERVICE

(၁) ငပလီ - HOTEL **
(၂) ချောင်းသာ - HOTEL MAX

မင်္ဂလာစန္ဒာ


ဝဲနှင်းခူမှောင်

ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပထမဆု ကျပ် ၁၅ သိန်း မဲပေါက်သူရှင်များ၊

မချိုချိုနိုင်
၁၂/ကမတ(နိုင်)၀၆၆၁၃၀
အမှတ် ၆၃၊ တောလမ်း။
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကိုစိုးထင်
၁၂/လသယ(နိုင်)၀၃၃၃၃၉
အမှတ် ၁၃၅၊ အမှတ် ၁၁ ကျောင်းလမ်း၊
အတွင်းယင်းကျေးရွာ၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်မြို့။

တတိယဆု ကျပ် ၅ သိန်း မဲပေါက်သူရှင်

ကိုသေးကိုကို
၁၃/တကန(နိုင်)၀၀၅၄၆၁
၈/၂၅၅၊ သုခလမ်း၊
စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့။

စတုတ္ထဆု ကျပ် ၁ သိန်း မဲပေါက်သူရှင်

ဦးပညာသီရိ
၉/မနတ(သ)၀၀၀၁၄၆
ရွှေစေတီယတောင်ကျောင်းတိုက်၊
အမှတ် ၁၅ ရပ်ကွက်၊
ပခုက္ကူမြို့။

၁။ မာမီးဒေါက်ဆွဲ ငွေကျပ်သိန်း ၁၀၀ တန် မဲပေါက်စမ်းမဲထုတ်အစဉ်မှ အထက်ဖော်ပြပါ မဲပေါက်သူရှင်ကြီးများ ငွေကျပ် ၅ သောင်းဆု မဲပေါက်သူရှင်များဖြစ်သော ဦးချိုခင်ဦး (၁၂/အစန(နိုင်)၁၃၀၈၈၆)၊ ဒေါ်အေးအေးသန်း (၁၂/မဂတ(နိုင်) ၀၄၃၆၈၉)၊ မအေးမြတ်သစ္စာ (၁၃/တကန(နိုင်)၁၅၂၈၃၂)၊ မရှိစီ (သထုံကြွန်မြို့နယ်) နှင့် အခြားဆုမဲပေါက်ရှိသူ ကံထူးရှင်များအားလုံးအား မြန်မာမာမီးဒါဘယ်ဒက်တာလီမိတက် (MMDDL) မိသားစုက အထူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။
၂။ မာမီးဒေါက်ဆွဲစားသုံးသူ မိတ်ပြည်သူများအနေဖြင့် ကျန်ရှိနေသေးသော ပထမဆု ကျပ် ၁၅ သိန်းဆု ၁ ဆု၊ ဒုတိယဆု ကျပ် ၁၀ သိန်းဆု ၃ ဆု၊ တတိယဆု ကျပ် ၅ သိန်းဆု ၂ ဆု၊ စတုတ္ထဆု ကျပ် ၁ သိန်းဆု ၉ ဆု၊ အထူးဆုကြီးဖြစ်သော ၁ ကျပ်ခွဲသားအလေးချိန်ရှိရွှေဆွဲကြိုး ၃ ဆု နှင့် အခြားဆုမဲပေါင်းမြောက်မြားစွာကို အမြန်ဆုံးရှာတွေ့ရရှိရန် မာမီးဒေါက်ဆွဲထုပ်ထဲတွင်ပါရှိသော မဲပြားများကိုဖြစ်၍ (ခဲရက်ဖြင့်ဖျက်၍) ကံစမ်းကြပါရန် တိုက်တွန်းအပ်ပါသည်။
၃။ ပေါက်မဲများကို ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက် နေ့ နောက်ဆုံးထား၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ဝမ်းမြောက်စွာဖြင့်
မြန်မာမာမီးဒါဘယ်ဒက်တာလီမိတက် (MMDDL) မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်စိန်
(ဝင်းဝင်းထိန် စက်မှုလုပ်ငန်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၀၄၊ တကောင်း ၄ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နှင့် အမှတ် ၇၆၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးလတ်-ဒေါ်ငွေရှင်)တို့၏သမီး၊ ဦးသန်းမောင်(ဝင်းဝင်းထိန် စက်မှုလုပ်ငန်း)၏ဇနီး၊ ဒေါ်သန်းသန်းခင်၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်မြင့်မြင့်အေး၊ ဦးဇော်လင်း(ခရိုင်စာရင်းစစ်အရာရှိ၊ကျောက်ဖြူ)-ဒေါ်ရီရီသန်း၊ ဒေါ်ဖြူဖြူသန်း(လ/ထကထိက၊ ငြိမ်း၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်မာမာသန်း၊ ဦးမြတ်သူ-ဒေါ်မူမူအေး၊ ဦးဝင်းမော်-ဒေါ်မာလာစိုး၊ (ဗိုလ်မှူးသန်းဝင်း)-ဒေါ်စိုးစိုးမော်(ကထိက၊ သမိုင်းဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါ်တိုးတိုးအေးတို့၏မိခင်၊ မောင်ကျော်ကျော်ခိုင်-မသန္တာဦး၊ မောင်သတိုးအောင်(3rd M.B, I.M-1)၊ မောင်အေးချမ်းဇေ (2nd U.D.E)၊ မခိုင်သဇင်မောင်(2nd M.B, I.M-1)၊ မမြတ်သော်တာအေး၊ မခိုင်စပယ်မောင်၊ မဝင်းသော်တာ၊ မောင်ခန့်ဇော်ဝင်းတို့၏အဘွားသည် ၁-၄-၂၀၀၄ရက် နံနက် ၁း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ၇-၄-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဦးခင်မောင်သိန်း-ဒေါ်စုစုသိန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)-ဒေါ်ဥဥခင်တို့၏ချစ်လှစွာသောမြေး၊ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်းတို့၏ သမီးသည် ၃၀-၃-၂၀၀၄ရက် နံနက် ၃း၃၅ နာရီတွင် ကလေးဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မဘီဘီး မိသားစု။**

ဦးမြသိန်း
(M.E.P.E၊ အငြိမ်းစား)
အသက်(၆၈)နှစ်

မှော်ဘီမြို့နေ(ဦးဘိုးဝင်း-ဒေါ်တုတ်)တို့၏သား၊ ရန်ကုန်မြို့၊ သမိုင်း(၁)ရပ်ကွက်၊ ၁၁ လမ်း၊ အိမ်အမှတ် ၉၁၀နေ ဦးသက်ဦး-ဒေါ်ဝင်းကြည်တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ သုနန္ဒာလမ်းမ၊ အိမ်အမှတ် ၁၃၈၀ နေ ဒေါ်ကြော့ကြော့၏ခင်ပွန်း၊ (ဦးခင်မောင်နိုင်)၊ ကိုလှမိုး-မချိုချိုသန်း၊ (ကိုရန်နိုင်-မခင်မျိုးအေး)၊ မောင်သိန်းဇော်-မသက်သက်နိုင်၊ မောင်ညီညီလွင်၊ မောင်နန္ဒအောင်၊ မအိခိုင်မင်းစိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးပေါ်တင်
မင်္ဂလာရွှေဆိုင်(ရေတာရှည်)
အသက်(၆၁)နှစ်

ပဲခူးတိုင်း၊ ရေတာရှည်မြို့၊ ဗိုလ်ချုပ်လမ်း၊ (၃)ရပ်ကွက်နေ (ဦးလှအောင်-ဒေါ်မင်းခွေး)တို့၏သား၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဒေါ်တင်ကြည်၊ (ဦးမြင့်ထူး)၊ ဦးသိန်းမြင့်၊ ဒေါ်ကြည်ငွေးတို့၏အစ်ကိုကြီး၊ ကိုတင်မျိုးသန့်-မစန္ဒာကျော်၊ ကိုတင်မျိုးခန့်-မမျိုးမာလာစိုး၊ ကိုတင်မျိုးချန့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၄-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေတာရှည်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းမောင်တည် (မိတ္ထီလာ)
အသက်(၃၅)နှစ်

မြို့သစ်မြို့စား မင်းကြီး မင်းလှ မဟာဇေယျသင်္ကြန် (ဦးရွှေဘီ)၊ နာခံတော်မင်း (ဦးရွှေစိန်-ဒေါ်မိန်းကလေး)တို့၏မြစ်၊ (ဦးနေဒွန်း-ဒေါ်စောခင်မေ)၊ (သခင်မြတင်-ဒေါ်စိန်)တို့၏မြေး၊ ရန်ကုန်မြို့နေ (ဦးအုန်းမောင်-ဒေါ်မြမြ)တို့၏သား၊ တွံတေးမြို့နေ ဦးတင်ဝင်း-ဒေါ်ကျင်မြတို့၏သားသမက်၊ဒေါ်တင်တင်ကြည်၏ခင်ပွန်း၊ မောင်ကောင်းထက်ကျော်၏ ဖခင်၊ (ဦးအုန်းမောင်ရည်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ တိုက် ၅၊ အခန်း ၂၈ နေ ဦးအုန်းမောင်စည်-ဒေါ်မို့မို့တင်ဦး၊ (ဦးအုန်းမောင်နီ)၊ ဒေါ်ဘေဘီအုန်းမောင်တို့၏ မောင်ငယ်သည် သျှင်ပါကူအထူးကုဆေးခန်း၌ ၃၁-၃-၂၀၀၄ရက် နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်ထွေးကြည်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကန်တော်လေး၊ စည်ပင်ဝင်းနေ ဦးသောင်းစိန် (ဒုခွဲမှူး၊စည်ပင်-ငြိမ်း)၏ဇနီး၊ ဦးမြသိန်း(စည်ပင် စက်/ယာဉ်ဌာန)၏အစ်မကြီး၊ ဦးကျော်ညွန့်-ဒေါ်စန်းမြင့်၊ ဦးမြင့်ဝေ-ဒေါ်ခင်အေး၊ ဦးသန်းဝင်း-မအုန်းသန်း၊ မစန်းအေး၊ ဦးထွန်းမြ-မသင်းသင်းနိုင်တို့၏အဒေါ်၊ မြေး ၂၈ယောက်၊ မြစ် ၁၉ ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ
ရေနံ့သာယ်ပို့ဌာန(ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၇၅နေ(ဦးမောင်မြ)-ဒေါ်သန်းမေတို့၏သားကြီး၊ မုဒုံမြို့နေ (ဦးစံသွင်-ဒေါ်အမာ)တို့၏သားသမက်၊ (ဒေါ်အေးသန်း)၏ခင်ပွန်း၊ ဦးစန်းဝေ-ဒေါ်ခင်သန်းဦး၊ ဦးတင်လတ် (ရေနံ သယ်ပို့ဌာန)-ဒေါ်ဖြူဖြူအေး၊ ဦးအေးရွှေ (မြို့တော်စည်ပင်) - ဒေါ်ခင်သန်းစိုး၊ ဦးထွန်းအောင်ကျော်- ဒေါ်ဝင်းဝင်းခိုင်၊ ဦးမြင့်လွင်၊ ဦးဇော်မျိုးဝင်း-ဒေါ်ကြည်ကြည်တင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၄-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းငွေး (B.A Eco)
မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊အမှတ်(၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အိမ်အမှတ် ၄၂(က)နေ ဦးဆွဲ-(ဒေါ်တင်လှ)တို့၏တူ၊ ဦးစောရှိန်-ဒေါ်အုန်းသင်(ခ)ဒေါ်ဘုတ်ဆုံတို့၏သားငယ်၊ ဗိုလ်မှူးကြီးမြင့်ဦး[ငြိမ်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]-ဒေါ်ငွေးရီတို့၏ညီ၊ ဗိုလ်ကြီးကျော်စွာထွန်း-မမေမျိုးဇော်၊ မောင်ရဲဝင့်ဇော်၊ မောင်ထွေးမြတ်ဇော်၊ မချိုထွေးဇော်တို့၏ဦးလေးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအသည်းရောဂါဌာနတွင် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးအောင်ညွန့် (မန္တလေး)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိမ်အမှတ် ၇၅၊ ရုံးကြီးလမ်းနေ ဒေါ်အေးတင်၏ခင်ပွန်း၊ ဦးခင်မောင်(ကုန်သွယ်ရေး၊ ငြိမ်း)-(ဒေါ်ခင်မွန်) ကျောက်ပန်းတောင်းမြို့နေ ဦးမင်းမောင်(ညွှန်မှူး၊ ငြိမ်း၊ စက်မှုလယ်ယာ)-ဒေါ်ခင်နန်းနွယ် (အထက-၂၊ စမ်းချောင်း၊ ငြိမ်း)၊ ဒေါ်ခင်စိန် (အထက-၁၊ ကြည့်မြင်တိုင်၊ ငြိမ်း)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်သန်းနွဲ့၊ ဦးခင်မောင်ဖြူ-ဒေါ်ချစ်ချစ်ခိုင်၊ ဦးကိုကိုလွင်-ဒေါ်အေးအေးဝင်း(ဝင်းဝင်း ကမ္ဘာအေးကျောက်မျက်)၊ ဦးကိုကိုခင်မောင်လှ-ဒေါ်ချိုချိုဝင်း(ဝင်းဝင်း ကမ္ဘာအေးကျောက်မျက်)၊ဦးတင်ဝင်း-ဒေါ်သန်းသန်းစိန်(မန္တလေး)၊ ဦးမောင်မောင်ခင်-(ဒေါ်ဘေဘီ)၊ ဦးတင်ငွေ-ဒေါ်ထွေးထွေးဝင်း(Supreme Zone၊ ကမ္ဘာအေးကျောက်မျက်)တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာမကြီး ဒေါ်မြသီ (မင်းလှ)
မြို့နယ်ပညာရေးမှူး(ငြိမ်း)
လက်ပံတန်း
အသက်(၈၅)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ ၉/၂၆၊ မာဃလမ်းနေ (ဦးကျော်-ဒေါ်ခင်)တို့၏သမီး၊ (ဦးဘသိန်း) (အငြိမ်းစား၊ ခရိုင်ပညာဝန်)၏ဇနီး၊ဦးဝင်းမြင့်သိန်း-ဒေါက်တာစောမြအေး၊ ဦးငွေးအုန်းသိန်း-ဒေါ်ခင်ဆွေဝင်း၊ ဒေါက်တာစိုင်းလောင်မွန်း-ဒေါက်တာဖြူဖြူသိန်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁-၄-၂၀၀၄ရက် နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အထက်ပါနေအိမ်သို့ ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန် (မိုးကောင်းမြို့)
အသက်(၈၁)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နေ (ဦးဖန်-ဒေါ်ရာထို)တို့၏ သမီးကြီး၊ ဘားအံမြို့နေ (ဦးခင်သိန်း-ဒေါ်မယ်ရီ)တို့၏သမီးချွေးမ၊ ဘားအံမြို့နေ (ဦးစိုးမြင့်)၏ဇနီး၊ ဦးကျော်မြင့်-(ဒေါ်ရင်ရင်)၊ ဦးတင်-ဒေါ်ကျင်ကျင်မူ၊ ဦးထွန်းမြင့်-ဒေါ်သန်းတင်၊ဒေါ်တင်တင်ငွေး၊ ဦးထွန်းမြိုင်-ဒေါ်မြင့်မြင့်ခင်တို့၏ အစ်မကြီး၊ ဒေါက်တာ ဦးမြင့်ဦး-ဒေါ်ခင်မလွင်၊ ဒေါက်တာ ဦးစိန်ဝင်း-ဒေါ်မေမေခိုင်၊ ဒေါ်လီလီခိုင်၊ ဒေါက်တာဦးမြင့်အောင်-ဒေါက်တာဒေါ်သန်းစိန်၊ ဦးမြင့်ဇော်၊ ဦးထွန်းအောင်ကျော် - ဒေါ်နွယ်နွယ်ရီ၊ ဦးဇော်မင်း-ဒေါ်နီလာခိုင်၊ ဦးမြင့်ဝေ၊ ဦးအောင်သန်း-ဒေါ်မာလာခိုင်၊ ဒေါ်သီတာခိုင်၊ ဦးမြင့်နိုင်၊ ဒေါ်ခင်ဥမ္မာမြိုင်၊ ဦးနေဝင်းထွန်း၊ ဦးအောင်ကျော်ထူး-ဒေါ်ခင်ပပမြိုင်၊ ဦးနေလင်းအောင်-ဒေါ်ခင်မို့မို့မြိုင်တို့၏ကြီးတော်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၁-၄-၂၀၀၄ရက် နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (A.1)ခြံ၊ ရွှေနှင်းဆီလမ်းသွယ်(၆)၊ အမှတ် ၁၁၁/က နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသက်ထွန်းဦး
(တပ်မတော်-လေ၊ ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ၁၃၂ လမ်း၊ မအူကုန်းနေ(ဦးထွန်းလင်း)-ဒေါ်သက်ထားတို့၏သား၊ ဗိုလ်ကြီးသန့်ဇင်(ငြိမ်း)-ဒေါ်တင်မိမိ (အလယ်တန်းပြဆရာမ)၊ ဗိုလ်ကြီးမိုးဟိန်း၊ မမြတ်ခိုင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်တင်မြ(မန်နေဂျာ၊ ဆက်သွယ်ရေး၊ စစ်ကိုင်း)၏ခင်ပွန်းသည် ၃၀-၃-၂၀၀၄ရက် နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်မှတောင်မြင့်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြမြထွေး
ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်
အသက်(၄၅)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မိုင်းရယ်မြို့နေ(ဦးမဟာအင်း-ဒေါ်နန်းအုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ (၄)ရပ်ကွက်၊ တိုက် ၁၂၁၊ အခန်း ၄ နေ ဦးတင်သိန်း-ဒေါ်ခင်လေးရီတို့၏သမီးချွေးမ၊ ဦးနိုင်နိုင်၏ဇနီးသည် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
အဖီးရယ် (တောင်ငူ)
အသက်(၈၉)နှစ်

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ မင်းကြီးညိုလမ်း၊ အမှတ် ၅၁၄ နေ ဦးစိန်ဘိုးမြ-ဒေါ်မာဂရက်နီ၊ (ဒေါ်ကြည်ကြည်မြ-ဦးမြင့်ဆွေ)၊ ဒေါ်ဒေါလာမြ-ဦးရွှေဝင်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၉ နာရီတွင် တောင်ငူမြို့ နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူအနောက်ခရစ်ယာန်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမောင်ကျော် (စစ်တွေ)
(သ/မဌာနစုဦးစီး၊ ငြိမ်း)
အသက်(၇၁)နှစ်

ကျောက်တော်မြို့ (ဦးမြသာဇံ-ဒေါ်မအောင်သာ)တို့၏သား၊ ဦးမောင်တုတ်-ဒေါ်မအေးမြတို့၏ညီ၊ စစ်တွေမြို့ (ဦးသာဇန်အောင်-ဒေါ်အုန်းပန်းဖြူ)တို့၏သားသမက်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၈ နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၇၄(ခ)နေ ဒေါ်မမြသိန်း၏ခင်ပွန်း၊ ဦးအေးသန့်၊ ဦးကျော်သိန်း - ဒေါ်ကြည်ကြည်သိန်း (Kiss စတိုး)၊ ဦးဦးဘစံ-ဒေါ်တိုးတိုးသိန်း(701 ကားပစ္စည်းဆိုင်)၊ ဦးထွန်းကျော်-ဒေါ်သန်းညွန့်အေး၊ (မချိုချိုသိန်း)၊ ဦးကျော်မြင့်-ဒေါ်အေးမြတ်ဝေ (မိုးမခ ရွှေဆိုင်)၊ ကိုကျော်သိန်းဝင်း၊ ကိုကျော်သိန်းဇော်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးရင်သည် ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၄၃ လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ကျော် (စစ်တွေ)
(သ/မဌာနစုဦးစီး၊ ငြိမ်း)
အသက်(၇၁)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၈ နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၇၄(ခ)နေ ဒေါ်မမြသိန်း၏ခင်ပွန်း၊ တူတူ(ခ)ဇော်မျိုးအောင်၊ ခင်စုဝေကျော်၊ သားထွေး၊ ညီထွေး၊ ဝိုင်းချော၊ သန့်ဇင်မီမီသော်ဦး၊ တိုးမီမီကျော်တို့၏အဘိုးရင်သည် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၄၃ လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးများ။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်မေသန်း
(ရေး၊ ချောင်းဆုံ၊ တက္ကကနာ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၁၀၇ နေ (ရေးမြို့ ဦးဘသီး-ဒေါ်မယ်သင်)တို့၏သမီး၊ ဦးစန်းမြင့်-ဒေါ်တင်တို့၏ညီမ၊ ဦးအေးသွင်၏ဇနီး၊ ဦးတင်ဝင်းလှိုင်၊ မခင်သန်းဝေ၊ မခင်သန်းနု၊ မခင်ငွေးဝင်း(ခ)မချို၊ မောင်မျိုးဝင်း(ခ)တူးတူး-မစန္ဒာငွေး၊ ဦးဝေစိုး(မြန်မာ့အလင်း ပုံနှိပ်တိုက်)-မနုနုဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၃၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်
(မြန်မာ့အလင်း)
(ကြည့်မြင်တိုင်)
အသက်(၈၄)နှစ်

ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ ပန်းတင်လမ်းနေ (ဦးဖိုးခ-ဒေါ်တင့်)တို့၏သား၊(ဒေါ်တင်ရွှေ)အုတ်ဖိုမြို့နယ်၏ခင်ပွန်း၊ (ဦးအေးမောင်)-ဒေါ်အုံးမေ၊ (ဒေါ်အေးကြည်)တို့၏ညီ/မောင်၊(ဦးခင်မောင်သန်း-ဒေါ်စန်းရင်)တို့၏ အစ်ကို၊ ဒေါ်တင်တင်နွယ်(ကုန်သွယ်/လယ်ယာ) DYEO-MRTSC၊ (ဦးသိန်းဝင်း)-ဒေါ်တင်မေမြင့်(သ/မဦးစီးမှူး)၊ ဦးခင်မောင်ဆွေ(Gecomart Co.,Ltd.)-ဒေါ်မူမူခင်(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ ဦးခင်မောင်လွင်(မိုး/ဇလ၊ ဦးစီးအရာရှိ)-ဒေါ်ငွေးငွေး (စည်ပင်သာယာ၊ ကြက်ဘဲဈေး)တို့၏ဖခင်၊ (ဦးမောင်မောင်သန်း)-ဒေါ်တင်ညွန့်(ခ)မပု(ခ)ဒေါ်ဖြူ၊ ကိုမောင်မောင်သင်၊ မောင်ကျော်ထွေး(စည်ပင်ရဲဝင်း)-မအေးအေးသန်း၊ မောင်ညီညီလွင်၊ မောင်တိုးတိုးတို့၏ဦးလေး၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃၀-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တိုက်အမှတ် ၁၈၊ အခန်း ၂၃၊ တိုးချဲ့အကွက် ၄၁၊ တော်ဝင်အိမ်ရာ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးနေမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်အေး (မြောင်းမြမြို့)
အသက်(၇၆)နှစ်

ဧရာဝတီတိုင်း၊ ပုသိမ်မြို့ (ဦးမောင်ထွန်း-ဒေါ်သိန်းညွန့်)တို့၏ သားကြီး၊ (ဒေါ်သောင်းတင်)၏ခင်ပွန်း၊ဦးလှအေး-ဒေါ်ဂရေစီ၊ ဦးတင်ဆောင်-ဒေါ်မြသန်း၊ (ဦးဖိုးနီ)-ဒေါ်ငယ်လေးတို့၏ အစ်ကိုကြီး၊ဦးစန်းမြင့်-ဒေါ်မြင့်မြင့်နွယ်၊ဦးဝင်းနိုင်-ဒေါ်သန်းသန်းငွေး၊ ဦးအေးကြည်-ဒေါ်လှလှမြင့်၊ မဝင်းဝင်းမော်တို့၏ဖခင်သည် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅ နာရီတွင် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ ၁၂ လမ်း၊ အမှတ် ၂၈၀ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၀၄ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာမည်။) ကျန်ရစ်သူမိသားစု။

ဦးကံရှိန် (ဘိုကံ)
ကုန်သွယ်ရေး-၁၊ ငြိမ်း
(မင်းလှ၊ ပဲခူးတိုင်း)
အသက်(၇၆)နှစ်

ရေနံ့ချောင်းမြို့၊ မန်ကျည်းလေးပင်ရပ်နေ ဦးလွှား-ဒေါ်ကြည်တို့၏သားကြီး၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၁၃(B1, A7)နေ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဒေါ်ခင်မြင့်မြင့်ရှိန်၊ ဦးတင်အောင်မိုး-ဒေါ်သိန်းသိန်း၊ ဦးအေးမောင်-မဆွေဆွေမြင့်တို့၏ဖခင်၊ မမြတ်နိုးစုကြည်၊ မောင်အောင်ထင်ကျော်၊ မရည်မွန်အေး၊ မလရောင်စုကြည်တို့၏ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုသန်းဒါး
(A.G.T.I, Mech:)
(Thunder Company Limited)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ် ၁၇၄ နေ (ဦးကြည်)-ဒေါ်မြမြသန်းတို့၏သားကြီး၊ (ဦးပါ)-ဒေါ်အေးသန့်၊ ဦးတင်ဝင်း-(ဒေါ်ခင်ပု)တို့၏မြေး၊ ဦးအုန်းကျော်-ဒေါ်အေးအေး၊ (ဦးတင်ရွှေ-ဒေါ်မြင့်မြင့်သန်း)၊ (ဦးကျော်မြင့်)-ဒေါ်ဝင်းဖြူဖြူ(မစူး)၊ ပေါင်းတည်မြို့နေ ဦးသံဒိုင်-ဒေါ်ယဉ်ရွှေတို့၏တူ၊ ဦးအောင်လွင်-ဒေါ်မြသီတာ(အမက-၆၊ သာကေတ)တို့၏မောင်၊ ဒေါ်မြသူဇာ (Bagan Cybertech Co.,Ltd.)၊ ဒေါ်မြမာလာ(People Magazine)၊ ကိုရန်လင်းကြည်တို့၏ အစ်ကိုသည် ၃၀-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတိလောက မဟာထေရ်မြတ်
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မြို့ပေါ်ရွာနေ (ဦးစံခင်-ဒေါ်ဖယ်သ)တို့၏သား၊ မန္တလေးမြို့၊ မေဃဝတီတောင်သမန်တိုက်၊ တုလွတ်ရန်ရှောင်ကျောင်းနှင့် မြို့ပေါ်ရွာ မြို့တွင်းကျောင်းတိုက်၏ကျောင်းပိုင်၊ကျောင်းထိုင် ပဓာနနာယက ဦးသျှောင်ညြဝါဒါစရိယ ဂန္ထဝါစက ဆဋ္ဌသင်္ဂီတိကာရက ပါဠိပဋိဝိသောဓက သာသနာ့ဇေ သီရိပဝရ ဓမ္မာစရိယ ပရိယတ္တိဝိသာရဒလင်္ကာရပေသလ ဝိနယဂရုက ဖြစ်တော်မူသော ဘဒ္ဒန္တတိလောကမဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၉ ရက် (၂၉-၃-၂၀၀၄ရက်)တနင်္လာနေ့ နံနက် ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို(၄-၄-၂၀၀၄ရက်) တန်ခူးလပြည့်နေ့ မွန်းတည့် ၁၂ နာရီတွင် တုလွတ်ရန်ရှောင်ကျောင်း၌ သာဓုကီဠန ပူဇော်ပွဲကျင်းပ၍ မွန်းလွဲ ၁ နာရီတွင် အထက်ပါကျောင်းမှ တောင်မြင့်သုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနပူဇော်ပွဲပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ရဟန်း၊ ဒါယကာ၊ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ။

ဦးရွှေကျူး (ဗဟိုရ်စည်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၃၊ စမ်းချောင်းလမ်း၊ ခြောက်လွှာ(ဝဲ)၊ စမ်းချောင်းမြို့နယ်နေ (ဦးဟင်းခါး-ဒေါ်ပု)တို့၏သား၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ ဒေါ်စန်းခင်-(ဦးကျင်သန်း)၊ ဒေါ်ရည်ရည်မြင့် (လပထ၊ ငြိမ်း)၊ (ဦးတင်မောင်ဝင်း)၊ ဒေါ်ပြုံး-အရာခံဗိုလ်စိုးမြင့်၊ ဦးကျောက်ဒိုး (K.T.K Trading Center)-ဒေါ်ဝင်းကြည်၊ ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ ဦးကျော်မြင့်၊ ဦးငွေးလင်း၊ ဒေါ်မျိုးမျိုးရည်၊ ဒေါ်အိအိခိုင်(နည်းပြ၊မြန်မာဘာသာဌာန၊ Y.U.F.L)၊ မောင်ဇော်မင်းထိုက်၊ မပြည့်ဖြိုးစံ၊ မောင်ကျော်စိုးထက်၊ မလှဲ့ယဉ်ဝင်းတို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့)တွင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ အမှတ် ၆၀(မြေညီထပ်)၊ ၁၈ လမ်း၊ လသာမြို့နယ် နေအိမ်၌ ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရင်
(ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့)
အသက်(၈၉)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာ၊ အုတ်တံတားပိုင်းနေ (ဦးမောင်ပု-ဒေါ်ဖွေးတုတ်)တို့၏တတိယသမီး၊ (ဒေါ်ငွေသင်-ဦးငွေသဲ)တို့၏ညီမ၊ ဒေါ်သန်းကြည်၊ (ဒေါ်မြရီ)တို့၏အစ်မ၊ ဒေါ်လှသန်း၊ (ဦးထွန်းဝေ)-ဒေါ်ခင်မေသင်း၊ ဒေါ်ညွန့်ရင်-ဦးသောင်းမြင့်တို့၏အဒေါ်၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဟန် - ဒေါက်တာလှလှခိုင်၊ ဒေါက်တာကျော်ဇင်ဝေ-ဒေါ်နှင်းနှင်းအေး၊ ဒေါက်တာဇော်မြင့်-ဒေါက်တာကြူကြူသန်း၊ ဒေါက်တာဆွေဆွေမြင့်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် အမှတ် ၁၊ စပယ်လမ်း၊ငွေကြာယံရိပ်သာ၊တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၃-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ၇-၄-၂၀၀၄ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအောင်ဇော်မိုး
B.A, D.S.A°(29)
အသက်(၃၈)နှစ်

မိတ္ထီလာမြို့နေ ဦးကျော်ညွန့်-ဒေါ်ခင်တုတ်တို့၏သား၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်တင်မြင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် ၉၆၊ အခန်း B-4 နေ ဒေါ်ဥမ္မာမြင့်(ကထိက၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ခင်ပွန်း၊ မအိန္ဒြာမိုးမြင့်၊ မစန္ဒာမိုးမြင့်တို့၏ဖခင်သည် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်၍ ၃၀-၃-၂၀၀၄ရက်တွင် ကျောက်ဖြူမြို့၌ ဂူသွင်းသဂြိုဟ်ပြီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Suang Ciin
(Buan Man)
အသက်(၉၀)

စစ်ကိုင်းတိုင်း၊ကလေးမြို့၊ထွန်းဂေဟာနေ (Pu Thuam Pau) ၏ ဇနီး၊ ခေါ်ဆရွာနေ (Pu On Khai–Pi Ciin Hau)တို့၏သမီး၊ Pu Khat Kam°၊ Pi Mang Huai တို့၏သမီးချွေးမ၊ (Pi Vung Khaw Hau)၊ (Pu On Khaw Thang)၊ (Pu Suan Hau)၊ Pi Awi Za Cing°၊ Pu Thang Ngo°၊ Pi Mang Khaw Neam°၊ Pu Tun Mang တို့၏အစ်မကြီး၊ (Dr. Kam Ya Dal) (အရိုးအထူးကု ဆရာဝန်ကြီး၊ ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး)-Daw Neam Kho Huai တို့၏မိခင်၊ Sayama Daw Ciin Lam Dim°၊ Daw Vung Do Pau–Rev. Dr.David Lai Sum, Daw Pau Za Niang–U Kyaw Zaw Lin၊ Mg Pau Khan Mung°၊ Daw Thang Khan Ciang–U Moe Thein Swe°၊ Ma Neam Man Cing°၊ Ma Awi Cing Khai တို့၏အဘွား၊ Devenish Dal Muan Mang°၊ Huai San Kim တို့၏အဘေးသည် ၃၁-၃-၂၀၀၄ရက် နံနက် ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကလေးမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သင်းထောက်
ဒူဝါအင်ဒေါင်လဖရီ
(Hpt. Duwa Ndau La Hpri)
ကချင်ပြည်နယ် ဒု-စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)
အသက်(၇၃)နှစ်

(U Ndau Gam – Daw Hpau Re Ma Lat)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာကွန်ဒို၊ အခန်း ၆၀၁ နေ ဆရာမ Daw Tereza ၏ခင်ပွန်း၊ Ma Hkawn Tsin၊ Daw Bawk Nan–(U Zau Seng)°၊ ဆရာမ Doi Ra–Rev. Pawm Hkun Naw၊ U Gum Man–Daw Gyung Nyoi၊ Ma Htu Seng Mai၊ Ma Kai Seng Pan၊ Moses တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၀၄ရက် ည ၁၀း၁၀ နာရီတွင် အာရုတော်ဝင်ဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် (သောကြာနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ကားများ ၄၀(B)၊ရွှေပြည်အေးလမ်း၊ကချင်နှစ်ခြင်းဘုရားကျောင်းမှ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ကိုကိုမောင်
(စိန့်ဂျွန်းကျောင်းသားဟောင်း)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၄၃ နေ ဦးဝင်းမောင်(MEPE°၊ ဘဏ္ဍာရေးဌာနရုံးချုပ်၊ ငြိမ်း)-ဒေါ်ခင်လှတို့၏သားကြီး၊ ကိုအဘီး-မမီမီဝင်း၊ ကိုကျော်ကျော်မောင်၊ ကိုညီညီ-မရီလေး(တောင်ကြီး)တို့၏အစ်ကို၊ မမိုနီဘီး၊ မပိုးလေးငြိမ်း(အလက-၁၊ဒဂုံ)၊ မောင်စွမ်းရဲထွတ်တို့၏ဘကြီးသည် ၂၉-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၁၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ငဝန်မြစ်ကူးပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



ဗိုလ်ချုပ်မှူးကြီးသန်းရွှေပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)နှင့်ပုသိမ်တံတားစစ်ဆေး တစ်နေ့တန် ၂၀၀ကျပျော့ဖတ်စက်ရုံကိုကျွမ်းကျွမ်းကျင်ကျင်လည်ပတ်ကုန်ထုတ်လုပ် ကုန်ကြမ်းဝါးများစဉ်ဆက်မပြတ်ရရှိစေရေးစီမံချက်ချမှတ်စိုက်ခင်းထူထောင်ရန်လမ်းညွှန်မှာကြား

ရန်ကုန် ဧပြီ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)

စာမျက်နှာ ၈ ကော်လံ ၁ ❑

ပျော့ဖတ်နှင့် စက္ကူများ သုံးစွဲသူများထံ မြန်မြန်ရောက်ရှိရေး ကြိုတင်စီမံ

★ စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီသယ်ယူရောက်ရှိရေးအတွက် နည်းလမ်းများရှာကြံ၊

★ ထွက်ရှိလာသည့် ပျော့ဖတ်နှင့် စက္ကူများ သုံးစွဲသူများထံ မြန်မြန်ဆန်ဆန်ရောက်ရှိရေးအတွက် သယ်ယူပို့ဆောင်ရေးအစီအမံများကို ကြိုတင်စဉ်းစားထား။

★ ဤစက်ရုံ တည်ဆောက်မှု အတွေ့အကြုံများကို အခြေခံ၍ နောင်တည်ဆောက်သွားမည့် ပျော့ဖတ်နှင့် စက္ကူစက်ရုံများ၏ တည်ဆောက်သွားသင့်သည့် နေရာဒေသများအပြင် တည်ဆောက်သွားသင့်သည့် စက်အင်အားပမာဏတို့ကို သုံးသပ်ဆောင်ရွက်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ချစ်ကြည်ရေးခရီးသွားမည်

ရန်ကုန် ဧပြီ ၂

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယဉ်ကျေးမှုလေ့စရိုက်နှင့်အညီ ပျော်ရွှင်စွာနွဲပျော်မည့် သိမ်မွေ့သန့်စင်မွန်မြတ်သည့် အစဉ်အလာပွဲတော်

သတင်းဆောင်းပါး - မောင်မောင်ကျော်၊ ဓာတ်ပုံမှတ်တမ်း -ထွေးကြည် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းကောင်းသည့် လူမှုပတ်ဝန်းကျင်သည် အမြင်တင့်၍ အဆင်းလှသည်။ ကောင်းသောဝန်းကျင်ကိုလူတို့ဘာသာဖန်တီး၏။လူတို့သည်အမြင်တင့်၍လှပသော ဝန်းကျင်ကိုဖန်တီးရန်သာလိုလား၏။ အကျည်းတန်အရုပ်ဆိုးသော ဝန်းကျင်ကို မည်သူမျှ အဖြစ်မခံ၊ အရောက်မခံလိုကြပေ။

အကြောင်းမူကား မိမိတို့နိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသော နိုင်ငံဖြစ်သောကြောင့်ဖြစ်၏။ ကိုယ်ကျင့် စရိုက်လက္ခဏာများနှင့် ပြည့်စုံ၏။ ဟီရိသြတ္တပ္ပတရားနှင့် ပြည့်စုံသောနိုင်ငံဖြစ်၏။ ခေတ်အဆက်ဆက်ယဉ်ကျေးသိမ်မွေ့သော

စာမျက်နှာ ၁၃ ကော်လံ ၁ ❀

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ